# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ရက်၊ ၂၀၁၀ ခုနှစ်၊ စက်တင်ဘာ ၂၁ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၉)၊ အမှတ်(၃၅၁)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ

## ဆေးရုံတက်လူနာများအား ပစ္စည်းများပေးအပ်လှူဒါန်းပွဲ တက်ရောက်

## မော်ဘီတပ်နယ်၌ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၀

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် စက်တင်ဘာ ၁၉ရက် ညနေပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးအထူးကုဆေးရုံကြီး၌ ကျင်းပသော ဆေးရုံတက်လူနာများအား ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားသို့ တက်ရောက်သည်။**

**တက်ရောက်**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✻

# မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့

## ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

**နေပြည်တော် စက်တင်ဘာ ၂၀**

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၃(က)နှင့်အညီ ယင်းတို့စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို မှတ်ပုံတင်ခွင့်ရရှိသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ယနေ့တွင် စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက) UNITY AND DEMOCRACY PARTY OF KACHIN STATE (UDPKS) နှင့် ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း လာရောက်တင်ပြခဲ့ကြသဖြင့် သတ်မှတ်ရက်အတွင်း ပါတီဝင်အင်အားစာရင်း တင်ပြပြီးသည့်ပါတီမှာ (၃၄)ပါတီရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပုသိမ်မှ မုံရွာအထိ အချိန်တိုအတွင်း သွားလာနိုင်ရန် အထောက်အကူပြုမည့်

## မြောက်ယမားချောင်းတံတား မုံရွာခရိုင် ယင်းမာပင်မြို့နယ်၌ဖွင့်

**နေပြည်တော် စက်တင်ဘာ ၂၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၁၃)က တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ပုသိမ်-မုံရွာကားလမ်း အပိုင်း(၃)ပေါ်ရှိ မြောက်ယမားချောင်းတံတား ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၈ရက် နံနက်ပိုင်းတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာနှင့် ပန်းဖွားအက၊ မင်္ဂလာစည်တော် အကအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၈ ကော်လံ ၅* ❍

**မုံရွာခရိုင် ယင်းမာပင်မြို့နယ်ရှိ မြောက်ယမားချောင်းတံတားကို တွေ့ရစဉ်။** (သတင်းစဉ်)



မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် စက်တင်ဘာ ၂၁ ရက်)

# ငှက်ဖျားရောဂါ ကင်းစင်ပပျောက်ရေး သတိပေးနှိုးဆော်ချက်များ အလေးထားလိုက်နာ

ငှက်ဖျားရောဂါသည် ခြင်ကိုက်ခံရခြင်းမှ စတင်ဖြစ်ပွားသည်။ ထိုရောဂါကိုကူးစက်စေသည့် ခြင်သည် အနော်ဖိလစ်ခေါ်ခြင်မျိုးဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၀၈ခုနှစ် ကမ္ဘာ့ငှက်ဖျားရောဂါဆိုင်ရာ အစီရင်ခံစာအရ တစ်ကမ္ဘာလုံးရှိ လူဦးရေသန်းပေါင်း ၂၄၃သန်းသည် ငှက်ဖျားရောဂါခံစားခဲ့ရပြီး ၈၅ရာခိုင်နှုန်းသည် အာဖရိကနိုင်ငံများမှ ဖြစ်သည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင်း ဖြစ်ပွားမှု၏ ၁၇ရာခိုင်နှုန်းရှိသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ၏ ငှက်ဖျားရောဂါဖြစ်ပွားမှုကို လေ့လာပါက မြန်မာနိုင်ငံ၏ မြို့နယ်ပေါင်း ၆၀ခန့်တွင် ငှက်ဖျားရောဂါကူးစက်မှု ကင်းစင်ပြီး ကျန်မြို့နယ်များတွင် ဒေသ၏ ပထဝီအနေအထားအလိုက် တောတောင်နှင့်ဆက်စပ်လျက်ရှိသော နေရာများ၌သာ ဖြစ်ပွားလျက်ရှိသည်။ ငှက်ဖျားရောဂါသည် ငှက်ဖျားပိုးသယ်ဆောင်လာသောခြင်ကြောင့် ကူးစက်ဖြစ်ပွားခြင်းဖြစ်သည်။

ရောဂါပိုးသယ်ဆောင်လာသောခြင်သည် ညအခါများတွင်ကိုက်လေ့ရှိပြီး ညဘက်တွင်ခြင်ကိုက်ခံရပါက ငှက်ဖျားရောဂါဖြစ်ပွားနိုင်သည်။ ထိုရောဂါသည် အသက်အရွယ်မရွေးဖြစ်ပွားနိုင်ပြီး ငှက်ဖျားရောဂါကင်းစင်ဒေသများမှ ငှက်ဖျားရောဂါထူထပ်သောဒေသများကို သွားရောက်နေထိုင်အလုပ်လုပ်သူများ ပိုမိုဖြစ်ပွားလွယ်သည်။ ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေးများ ဖြစ်ပါက ရောဂါပြင်းထန်သည်။

ရောဂါလက္ခဏာများမှာ ချမ်းတုန်၍အဖျားတက်ခြင်း၊ တစ်ပါးသူ၏ အကူအညီမပါဘဲ မထနိုင်ခြင်း၊ မထိုင်နိုင်ခြင်း၊ လမ်းမလျှောက်နိုင်ခြင်း၊ အန်ခြင်း၊ သတိလစ်ခြင်းတို့ဖြစ်နိုင်သည်။ ရောဂါဖြစ်ပွားသည်ဟု သံသယရှိပါက ၂၄နာရီအတွင်း နီးစပ်ရာ ကျန်းမာရေးဌာနသို့ ဆောလျင်စွာပြသ၍ ကုသမှုခံယူရန် လိုအပ်သည်။

ငါးနှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များတွင် ငှက်ဖျားရောဂါဖြစ်ပွားခဲ့လျှင် ရောဂါပြင်းထန်စွာခံစားရပြီး သေဆုံးသူများလည်း များပြားနိုင်သည်။ မြန်မာနိုင်ငံတွင် မိခင်သေနှုန်း၊ ငါးနှစ်အောက်ကလေးများသေနှုန်း လျှော့ချရေးအတွက် ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပြည်သူများပါဝင်ကူညီဆောင်ရွက်ရန် လိုအပ်သည်။

ထိုသို့ ကူညီဆောင်ရွက်ရန် တိုင်းရင်းသားပြည်သူများ ပါဝင်ရမည့်ကဏ္ဍသည်ကား ငှက်ဖျားရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် သတိပေးနှိုးဆော်ချက်များကို အလေးထား လိုက်နာခြင်းပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## တီဘီရောဂါ သုတေသနဆိုင်ရာ ဆွေးနွေးပွဲ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး တက်ရောက်

ရန်ကုန် စက်တင်ဘာ ၂၀

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ယမန်နေ့နံနက် ၁၀နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ကျင်းပသော ဆေးယဉ်ပါးသော တီဘီရောဂါ(MDR-TB) ဆိုင်ရာ သုတေသနလုပ်ငန်း ဆွေးနွေးပွဲသို့ တက်ရောက်သည်။

**ဆွေးနွေး**

ရှေးဦးစွာ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူး (သုတေသန) ဒေါက်တာသော်ဇင်က ဆေးယဉ်ပါးသော တီဘီရောဂါပိုးရှိလူနာများ အခြေအနေကို ကမ္ဘာ့နိုင်ငံများနှင့် မြန်မာနိုင်ငံတို့၌ ဖြစ်ပေါ်မှုအပေါ် သုတေသန တွေ့ရှိချက်များကိုလည်းကောင်း၊ ဒေါက်တာ ဝါဝါအောင်က မော်လီကျူးဇေဒဆိုင်ရာ ဆေးယဉ်ပါးသော တီဘီရောဂါပိုးများအပေါ် သုတေသန တွေ့ရှိချက်များ၊ အိပ်ချ်အိုင်ဗွီ ရောဂါပိုးရှိလူနာတွင် တီဘီရောဂါဖြစ်ပွားမှု သုတေသန တွေ့ရှိချက်များနှင့် နိုင်ငံတကာနှင့် ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်မည့် တီဘီရောဂါဆိုင်ရာ သုတေသန ဆောင်ရွက်ချက်များကိုလည်းကောင်း၊ ဒေါက်တာ ဒေါ်ခင်ချစ်က ဆေးယဉ်ပါးသော တီဘီရောဂါပိုးရှိလူနာများအပေါ် မြန်မာ့တိုင်းရင်းဆေးများဖြင့် ပေါင်းစပ်ကုသ၍ သုတေသန အောင်မြင်မှုရလဒ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## မြဝတီရုပ်မြင်သံကြား

၂၁-၉-၂၀၁၀ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ **အဘိဓမ္မာသဒ္ဒါမြတ်ကျမ်းစာ** (အပိုင်း-၄)
၇:၁၅ ၄။ ဓမ္မပူဇာတေး
၇:၂၀ ၅။ မျိုးချစ်တပ်မတော်
၇:၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၇။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၀ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၅။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅:၂၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၄၀ ၁၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးသောက်ကြယ်** (အပိုင်း-၂၀)
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၃။ လျှပ်တစ်ပြက်
၆:၃၀ ၁၄။ အောင်မြင်ခြင်းလမ်းမ
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်ကြိုးယှက်နွယ်** (အပိုင်း-၉)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ မွေးမြူသုတ
၂၁။ ဟာသရုပ်စုံ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပဥ္စလက်ပုံရိပ်** (အပိုင်း-၁၅)
၂၄။ **Mini Series**

## ကမ္ဘာ့စားနပ်ရိက္ခာနေ့အကြို ပိုစတာပြိုင်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၀

အောက်တိုဘာ ၁၆ ရက်တွင် ကျရောက်မည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ကိုကြိုဆိုသောအားဖြင့် အခြေခံပညာကျောင်းသား ကျောင်းသူများ ပိုစတာပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး အထက(၂)လသာ၌ စက်တင်ဘာ ၁၉ ရက် နံနက်က ကျင်းပသည်။

ပြိုင်ပွဲတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းမှ ကျောင်းသား ကျောင်းသူ ၁၄၈ဦးတို့က လက်တွေ့ရေးဆွဲယှဉ်ပြိုင်ကြရာ F.A.O မှ တာဝန်ရှိသူများ၊ အမှတ် (၃) အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းမြင့်၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံးမှ ဒုတိယဥက္ကဋ္ဌ ဦးစောလှိုင်၊ ဦးအောင်သိန်း၊ အတွင်းရေးမှူး ဦးကြည်ဝင်း(တူဒေး)နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** (၁၆၄)



## ကျောက်များစုဆောင်း

ရသေ့တောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တင်ဦး စက်တင်ဘာ ၅ ရက်က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မေဃဝတီလမ်း ကျောက်ချောခင်းရန် ကျောက်များစုဆောင်းနေမှု၊ မြေသားလမ်းပြုပြင်နေမှုများကို ကြီးကြပ်စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

## မြို့ပြအင်ဂျင်နီယာ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၀

ရန်ကုန် စက်မှုတက္ကသိုလ် မြို့ပြအင်ဂျင်နီယာ ကျောင်းသား ကျောင်းသူဟောင်းများ ၁၉၈၃ခုနှစ်တွင် ဝင်ရောက်ခဲ့ကြသူများ (မည်သည့်နှစ်တွင် ဘွဲ့ရသည်ဖြစ်စေ)နှင့် ၁၉၈၆ခုနှစ် ဘွဲ့ရရှိခဲ့သူများ(မည်သည့်နှစ်တွင် စတင်ဝင်ရောက်ခဲ့သည်ဖြစ်စေ)၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၄ရက်(သောကြာနေ့) နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်ရာ အောင်နိုင်လေး ဖုန်း- ၀၉-၅၅၅၀၁၀၃၊ ညီလေးနိုင် ဖုန်း-၀၉-၈၀၂၄၁၉၂၊ ဗိုလ်မှူးစိုးညွန့်(ငြိမ်း) ဖုန်း-၀၉-၈၆၂၅၆၄၄၊ အောင်သိုး ဖုန်း- ၀၁-၇၀၉၅၉၁၊ ဇော်မင်း (ကိုဟိုက်) ဖုန်း-၀၉-၅၁၂၄၈၃၊ မြမြမိုး ဖုန်း-၀၉-၅၀၀၃၈၈၅၊ ၀၁-၅၁၉၀၀၄ ၊ ဒေါက်တာ ဒေါ်သန်းသန်းနွယ် ဖုန်း-၀၉-၅၁၅၁၇၄၅၊ ၀၉-၈၇၇၀၁၅၀၊ ဝါဝါမြ ဖုန်း- ၀၉-၅၁၇၅၅၉၀၊၀၁-၅၅၅၄၈၆တို့သို့ ဆက်သွယ်နိုင်ကြောင်းနှင့် မပျက်မကွက်တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

သစ်တောသစ်ပင် ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး အလှတိုး

21-9 (02).pmd 1 9/21/2010, 1:32 AM

# ဒီမိုကရေစီဖော်ဆောင်ရေးတွင် စာပေစာနယ်ဇင်းသမားများ အမျိုးသားအကျိုးစီးပွားကိုအခြေခံ ခိုင်မာသည့်စတုတ္ထမဏ္ဍိုင်အဖြစ် အစဉ်ရပ်တည်ပါဝင်ဆောင်ရွက်

## လူထုအခြေခံရန်ပုံငွေစနစ်ဖြင့် တည်ထောင်ထားသည့် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း ပြည်သူလူထုအတွင်း ပိုမိုသိရှိပူးပေါင်းပါဝင်လာစေရေး အသိပညာပေးလှုံ့ဆော်ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၀

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် ယမန်နေ့ မွန်းလွဲ ၁၂နာရီ မိနစ် ၅၀တွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကျောက်တံတားမြို့နယ် ကုန်သည်လမ်း စာပေဗိမာန်ရှိ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီဝင်များနှင့် တွေ့ဆုံသည်။**





### တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ တက်ရောက်ကြသည်။

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)နှင့် အတွင်းရေးမှူး ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)တို့က မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဦးကျော်ဆန်းက မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့အနေဖြင့် လုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း လုပ်ငန်းလိုအပ်ချက်များအပေါ် ဘက်စုံ၊ ထောင့်စုံမှ ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊နိုင်ငံတော်၏ ဒီမိုကရေစီ ဖော်ဆောင်ရေးတွင် စာပေစာနယ်ဇင်းများ အနေဖြင့် အမျိုးသားအကျိုးစီးပွားကို အခြေခံပြီး ခိုင်မာသည့် စတုတ္ထမဏ္ဍိုင်အဖြစ် အစဉ်ရပ်တည် ပါဝင်ဆောင်ရွက်သွားကြရန်၊ ပြည်သူများ စာပေဗဟုသုတတိုးပွားစေရေး၊ စာဖတ်ရှိန်မြင့်မားရေးအတွက် စာပေစာနယ်ဇင်းအဖွဲ့၏ လှုပ်ရှားမှုများကို ယခုထက် ပိုမိုတိုးတက်ဆောင်ရွက်သွားနိုင်ရေး စီမံဆောင်ရွက်သွားကြပါရန်၊ လူထုအခြေခံရန်ပုံငွေစနစ်ဖြင့် တည်ထောင်ထားသည့် ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းနှင့် ပတ်သက်၍ ပြည်သူလူထုအတွင်း ပိုမိုသိရှိပူးပေါင်းပါဝင်လာစေရေးအတွက် စာပေစာနယ်ဇင်းအဖွဲ့အနေဖြင့် အသိပညာပေးလှုံ့ဆော်မှုများ ဆောင်ရွက်ပေးကြရန်နှင့် မြန်မာနိုင်ငံ စာပေစာနယ်ဇင်းအဖွဲ့က စီစဉ်ဖွင့်လှစ်သည့် သတင်းစာပညာသင်တန်းများကိုလည်း သင်တန်း၏ ရည်ရွယ်ချက်များနှင့်အညီ ထိရောက်အောင်မြင်အောင် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

### အမှာစကားပြောကြား

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များအား အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

### ဆွေးနွေးမှာကြား

ယင်းနောက် အတွင်းရေးမှူး ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များက ထပ်မံဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ပြန်လည်ဆွေးနွေးမှာကြားသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဝန်ကြီး ဦးကျော်ဆန်းသည် တက်ရောက်လာကြသည့် ဗဟိုအမှုဆောင်ကော်မတီဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

# အခြေခံပညာမူလတန်းကျောင်း(ခွဲ)ဖွင့်ပွဲ ပုလဲမြို့နယ် အိုးဘိုရွာ၌ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပုလဲမြို့နယ် မင်းတိုင်ပင်ကျေးရွာအုပ်စု အိုးဘိုရွာ အခြေခံပညာမူလတန်းကျောင်း (ခွဲ) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၉နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။ **(အောက်ပုံ)**

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် မြို့နယ်ပညာရေးမှူး ဦးထိန်မင်းတို့က ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးထိန်မင်းက ပညာရေးနှင့်စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က ကျေးဇူးတင်စကားပြောကြားသည်။

### တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အုပ်စုအတွင်းရှိ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကျေးရွာနေ ပြည်သူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၀-၉-၂၀၁၀

**ရွှေကျင်မြို့**
**၂ ဒသမ ၈၇ လက်မ**
**မြောက်ဦးမြို့**
**၂ ဒသမ ၃၆ လက်မ**
**ပုသိမ်မြို့**
**၂ ဒသမ ၃၂ လက်မ**
**ဟားခါးမြို့**
**၂ ဒသမ ၀၁ လက်မ**
**ဇလွန်မြို့**
**၁ ဒသမ ၆၅ လက်မ**
**မှော်ဘီမြို့**
**၁ ဒသမ ၅၄ လက်မ**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၁-၉-၂၀၁၀ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+မေတ္တသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **အလှနှစ်မျိုး၏ အလှဆုံး** တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
- ၆:၃၅ ဖူးမည်အမှန်… ထူးမည်ဧကန်… မာရ်ငါးမာရ်…
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၂၀)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၁၄)
- ၈:၄၀ ဒေါနတောင်တန်းကြီးနဲ့ သာယာလှပနေသော ကော့ကရိတ်မြို့
- ၈:၅၅ Activities in the City အထက(၂) သန်လျင်နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ
- ၉:၁၀ လင်းလက်ကြယ်ပွင့်တို့နှင့် ယနေ့ကျန်းမာရေး (အပိုင်း-၁) ပါမောက္ခဒေါက်တာ ချယ်ရီသန်းသန်းတင်၊ တင်မိုးလွင်၊ ဝတ်မှုန်ရွှေရည်၊ စိုးပြည့်သဇင်၊ ဂျင်နီ
- ၉:၃၅ Cartoon Show Time (The Missing Lynx)
- ၁၀:၀၀ ကုသိုလ်ယူရေး အသိပေးနှိုးဆော် ဓမ္မဒီပဗိမာန်တော်
- ၁၀:၃၀ စံမီအရည်အသွေးဖြင့် စစ်မှန်ထူးခြားသော…
- ၁၀:၄၅ Celebrity Style (ပပဝင်းခင်)
- ၁၁:၁၅ International Show Biz
- ၁၁:၃၅ လှပသစ်ဆန်း ဖန်စီဖိနပ်လုပ်ငန်း
- ၁၁:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၁၅ သင်ကြားရေးလမ်းညွှန် (The Space Yoga & Dance Studio)
- ၁၂:၄၅ Shooting Making **ဖြစ်ခွင့်ရလျှင်** ဇာတ်ကား ရိုက်ကူးပုံဖော်နေမှုများ
- ၁:၀၀ **အလှနှစ်မျိုး၏ အလှဆုံး** တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ ဂီတသရုပ်ပြခန်း (သျှီ- ဂန္ဓဝင်စကား)
- ၃:၀၀ ဒေါနတောင်တန်းကြီးနဲ့ သာယာလှပနေသော ကော့ကရိတ်မြို့
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၂၁)
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၁၄)
- ၄:၄၀ လင်းလက်ကြယ်ပွင့်တို့နှင့် ယနေ့ကျန်းမာရေး (အပိုင်း-၁) ပါမောက္ခဒေါက်တာ ချယ်ရီသန်းသန်းတင်၊ တင်မိုးလွင်၊ ဝတ်မှုန်ရွှေရည်၊ စိုးပြည့်သဇင်၊ ဂျင်နီ
- ၅:၀၀ The Champion of Dance
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ MRTV-4 ကျန်းမာရေးကဏ္ဍ (မျက်စိအတွင်းတိမ်ရောဂါ အကြောင်း သိကောင်းစရာ)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၂၁)
- ၇:၁၅ Celebrity Choice (Too Big)
- ၇:၄၅ လှပသစ်ဆန်း ဖန်စီဖိနပ်လုပ်ငန်း
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ သူတို့ဘဝ သူတို့ဟာသ (ဦးချစ်စရာ)
- ၉:၀၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၁၅)
- ၁၀:၀၀ ဂီတသရုပ်ပြခန်း (သျှီ- ဂန္ဓဝင်စကား)
- ၁၀:၄၅ Activities in the City အထက(၂) သန်လျင်နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ
- ၁၁:၀၀ အနုပညာမိုးကောင်းကင်
- ၁၁:၂၅ ကုသိုလ်ယူရေး အသိပေးနှိုးဆော် ဓမ္မဒီပဗိမာန်တော်
- ၁၁:၄၀ စာအုပ်ပြခန်း (အလင်္ကာဝတ်ရည် မဂ္ဂဇင်း)
- ၁၁:၅၅ စံမီအရည်အသွေးဖြင့် စစ်မှန်ထူးခြားသော…
- ၁၂:၁၅ World of Knowledge (Interpol Investigate: The Sepant)
- ၁:၀၀ စပါးကရွှေ… ငါးကငွေ ညီကျော်၊ မိုးဒီ၊ သက်ဦးကို၊ ဆုဝတီမိုး (ဒါရိုက်တာ-နိုင်း)
- ၁:၁၀ မြို့ပြနှင့်ဘောလုံးယဉ်ကျေးမှု
- ၁:၄၅ **ရွှေဖြူ** ဟုခေါ်သည် (အပိုင်း-၁)
- ၂:၁၀ လှပချစ်စရာ လက်မှုအနုပညာ (Pretty in Day & Night)
- ၂:၃၅ ပတ္တမြားမြေမှ လေ့လာဖွယ်ရာများနှင့် တစ်မူထူးခြားထာပွဲများ
- ၂:၅၅ သူ့ဘဝ သူ့လက်ရာ (Artist Win Myint Moe)
- ၃:၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၅ Mega Star Talk ခင်မောင်တိုးနှင့်တွေ့ဆုံခြင်း (အပိုင်း-၁)
- ၄:၃၀ ရွှေတောင်စက်ရုံစွမ်းပကား စက်မှု(၁)ရဲ့အား
- ၄:၄၅ အသုံးဝင်မှုများစွာနှင့် ရေကြောင်းသုံး GPS

**MRTV-4 အစီအစဉ်များကို**
**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်**
**ရှိးရိုး VHF တီဗွီအင်တင်နာဖြင့်အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။**
**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်**
**UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# မုဒုံမြို့နယ်အသင်း (ရန်ကုန်) ဓမ္မာရုံဖွင့်ပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းတော်၌ မုဒုံမြို့နယ်အသင်း (ရန်ကုန်)က တည်ဆောက်လှူဒါန်းပြီးစီးပြီဖြစ်သည့် လောကဝိဒူဓမ္မာရုံ (မွန်ပြည်နယ်) ဖွင့်ပွဲကို စက်တင်ဘာ ၂၅ရက် (စနေနေ့) နံနက်၈နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

အလှူရှင်များထံ ဖိတ်စာများပေးပို့ထားပြီးဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အဆိုပါနေ့ရက်တွင် ကြွရောက်ကြည်ညိုနိုင်ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## နိုင် ငံ တ ကာ သ တင်း များ

နိုင် ငံ တ ကာ သ တင်း များ နိုင် ငံ တ ကာ သ တင်း များ

### အမျိုးသမီးတစ်ဦး ဂျာမနီဆေးရုံ၌ပစ်ခတ် လေးဦးသေဆုံး၊ တစ်ဦးဒဏ်ရာပြင်းထန်

ဘာလင် စက်တင်ဘာ ၂၀

ဂျာမနီနိုင်ငံ တောင်ဘာလိုယာရန့်ချ်မြို့ရှိ ဆေးရုံတစ်ရုံ၌ စက်သေနတ်ကိုင်ထားသည့် အမျိုးသမီးတစ်ဦးက ရမ်းကားပစ်ခတ်ခဲ့သဖြင့် အနည်းဆုံး လေးဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ကြောင်း ဂျာမနီရဲတပ်ဖွဲ့က စက်တင်ဘာ ၂၀ရက်တွင် ပြောကြားသည်။

အဆိုပါ ပစ်ခတ်မှုသည် စက်တင်ဘာ ၁၉ရက်က ဒေသစံတော်ချိန် ဖနာရီတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းပစ်ခတ်မှုမှာ ဆေးရုံအဆောက်အအုံအနီး ပေါက်ကွဲမှုနှင့် ဆက်နွှယ်နေကြောင်း ရဲတပ်ဖွဲ့က သုံးသပ်ထားသည်။



#### သေဆုံး

၄င်းအမျိုးသမီးသည် စိန့်အဲလီဇဘက်သင်းဂရမ်ကန်ဟော့ပ်ဆေးရုံ(**အပေါ်ပုံ**)အတွင်း ဝင်လာပြီး သေနတ်ကိုင် ပစ်ခတ်ခဲ့ရာ အမျိုးသားသူနာပြုတစ်ဦး၊ အခြား အမျိုးသားတစ်ဦးနှင့် ကလေးတစ်ဦး သေဆုံးခဲ့ရပြီး ရဲအရာရှိတစ်ဦး ပြင်းထန်စွာဒဏ်ရာရခဲ့ကြောင်း၊ ၄င်းသည် ရဲတပ်ဖွဲ့က ပြန်လည်ပစ်ခတ်စဉ် သေဆုံးခဲ့ကြောင်း သိရသည်။

**အမ်အင်န်အေ၊ရိုက်တာ**

### မက္ကဆီကို ရဲအရာရှိ ကိုးဦးအား သေနတ်သမားများ ပြန်ပေးဆွဲ

**အကာပူလ်ကို (မက္ကဆီကို) စက်တင်ဘာ ၂၀**

မက္ကဆီကိုနိုင်ငံတောင်ပိုင်း ဂွါယာရီရိုပြည်နယ်၌ သေမှုသေခင်းဖြစ်ပွားခဲ့မှုများနှင့် ပတ်သက်၍ စုံစမ်းထောက်လှမ်းနေသော ရဲအရာရှိ ကိုးဦးအား သေနတ်သမားများက ပြန်ပေးဆွဲထားခဲ့ကြောင်း၊ ရဲအရာရှိနှစ်ဦးကိုလည်း သတ်ဖြတ်သွားခဲ့ကြောင်း တာဝန်ရှိသူများက စက်တင်ဘာ ၁၉ရက်တွင် ပြောကြားသည်။

အဆိုပါရဲအရာရှိ ကိုးဦးသည် စက်တင်ဘာ ၁၈ရက်က အလောင်းတစ်လောင်းကို စစ်ဆေးရန်သွားရောက်စဉ် အမည်မသိ သေနတ်သမားများက ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း ပြည်နယ်ရဲအရာရှိ ဖာနန်ဒိုမွန်ရီရယ်လေးဗာက ပြောကြားသည်။

#### ပူးပေါင်းရှာဖွေ

အယ်လ်ရီဗယ်လာဒိုအရပ်၌ ရဲအရာရှိနှစ်ဦး၏ အလောင်းကို ရှာဖွေရေးသမားများက တွေ့ရှိခဲ့ကြောင်း၊ မက္ကဆီကို တပ်ဖွဲ့ဝင်များက ပျောက်ဆုံးနေသော ရဲအရာရှိများအား ရဲတပ်ဖွဲ့နှင့်အတူ ပူးပေါင်းရှာဖွေနေကြောင်း ၄င်းက ပြောကြားသည်။ ယင်းပြည်နယ်သည် မူးယစ်ဆေးဝါး မှောင်ခိုသယ်ဆောင်ရာလမ်းကြောင်းဖြစ်ပြီး မကြာခဏတိုက်ပွဲများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

**(အင်တာနက်)**



### နယူးဒေလီ၌ ကမ္ဘာလှည့်ခရီးသည်ဘတ်စ်ကား တိုက်ခိုက်ခံရ

**နယူးဒေလီ စက်တင်ဘာ ၂၀**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ စက်တင်ဘာ ၁၉ရက်က ကမ္ဘာလှည့်ခရီးသည် ဘတ်စ်ကားတစ်စီးကို မော်တော်ဆိုင်ကယ်ပေါ်မှ သေနတ်သမားများက ပစ်ခတ်သွားသဖြင့် တရုတ်(တိုင်ပေ)ခရီးသွားဧည့်သည်နှစ်ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း အိန္ဒိယရဲအရာရှိများက ပြောကြားသည်။ **(အပေါ်ပုံ)**

#### ပစ်ခတ်ခံရ

အဆိုပါ သေနတ်သမားနှစ်ဦးမှာ ဆိုင်ကယ်ဦးထုပ်များဆောင်းထားပြီး မိုးကာအင်္ကျီများလည်း ဝတ်ဆင်ထားကြကြောင်း၊ ယင်းတို့သည် နယူးဒေလီရှိ မြို့လယ်တစ်နေရာ၌ ပစ်ခတ်ထွက်ပြေးသွားကြကြောင်း ထိပ်တန်းရဲအရာရှိ ကေဆင်းက ရိုက်တာသို့ ပြောကြားသည်။ ယင်းကမ္ဘာလှည့်ခရီးသည် ဘတ်စ်ကားပေါ်တွင် တရုတ်(တိုင်ပေ)ခရီးသွား ဧည့်သည်ခြောက်ဦးလိုက်ပါခဲ့ကြောင်း၊ ယင်းဘတ်စ်ကားသည် နယူးဒေလီရှိ ဂျမားမက်ဂျစ်သို့အသွား ပစ်ခတ်ခံရခြင်းဖြစ်ကြောင်း ရဲအရာရှိက ပြောကြားသည်။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ လာမည့်လတွင် ဓနသဟာယ အားကစားပြိုင်ပွဲကျင်းပရန် လုံခြုံရေးတင်းကျပ်စွာ ချထားသည့်ကြားမှ ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**အမ်အင်န်အေ၊ရိုက်တာ**

### အိန္ဒိယမြောက်ပိုင်း၌ မုတ်သုံမိုးသည်းထန် မြေပြိုမှုဖြစ်ပွား၍ လူ ဖ၀ကျော်သေဆုံး

နယူးဒေလီ စက်တင်ဘာ ၂၀

**အိန္ဒိယနိုင်ငံမြောက်ပိုင်း၌ လွန်ခဲ့သော နှစ်ရက်က မုတ်သုံမိုးများရွာသွန်းပြီး ရေကြီးမြေပြိုမှုများ ဖြစ်ပွားသဖြင့် သေဆုံးသူဦးရေ ဖ၀ကျော်ရှိကြောင်း စက်တင်ဘာ ၂၀ရက်တွင် အိန္ဒိယ တာဝန်ရှိသူများက ပြောကြားသည်။**

#### ထွက်ပြေး

ထောင်ပေါင်းများစွာသော ပြည်သူများ ရေကြီးမှုအန္တရာယ်နှင့် ရင်ဆိုင်ကြရပြီး နေအိမ်များကို စွန့်ခွာထွက်ပြေးကြရကြောင်း၊ မြစ်အချို့ ကျိုးပေါက်ပြီး ရေကြီးမှု ဖြစ်ပွားခဲ့ကြောင်း၊ ကျောက်တုံးများနေအိမ်များပေါ်သို့ ကျခဲ့ကြောင်း၊ အဝေးပြေးလမ်းများပေါ်တွင် အပျက်အစီးများနှင့် ပိတ်မိနေကြောင်း၊ လာမည့်ရက်များအတွင်း မိုးဆက်လက်ရွာသွန်းနိုင်ကြောင်း အိန္ဒိယအရာရှိများက ပြောကြားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

### အာဖဂန်မြောက်ပိုင်း၌ ဒုံးကျည်ဖြင့် တိုက်ခိုက်ခံရ ကလေးခြောက်ဦးသေဆုံး

**ကဘူးလ် စက်တင်ဘာ ၂၀**

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း၌ စက်တင်ဘာ ၁၉ရက်က ဒုံးကျည်ဖြင့် အကြမ်းဖက် တိုက်ခိုက်သဖြင့် ကလေးခြောက်ဦးသေဆုံးခဲ့ရကြောင်း အာဖဂန်အရာရှိများက ပြောကြားသည်။

အဆိုပါ ဒုံးကျည်ဖြင့် တိုက်ခတ်မှုမှာ ကွန်ဒုဇ်ပြည်နယ် အလီအာဘတ်စ်ဒေသ၌ စက်တင်ဘာ ၁၉ရက်က ဖြစ်ပွားခဲ့ကြောင်း အာဖဂန်ပြည်ထဲရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။ အာဖဂန်နစ္စတန်နိုင်ငံတွင် နေတိုးတပ်ဖွဲ့ဝင်များနှင့် အာဖဂန်တပ်ဖွဲ့ဝင်များ၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများကြောင့် အကြမ်းဖက် တိုက်ခိုက်မှုများ အရှိန်အဟုန်မြင့်တက်လာပြီး အရပ်သားအများအပြား သေဆုံးနေကြောင်း ၄င်းကြေညာချက်တွင် ဖော်ပြထားသည်။

**(အင်တာနက်)**

### မိုင် ၆၀၀ရှိ ရေနံပိုက်လိုင်း ဆက်လက်သုံးစွဲနိုင်ရေး အီရတ်နှင့်တူရကီ စာချုပ်ထပ်မံချုပ်ဆို

ဘဂ္ဂဒက် စက်တင်ဘာ ၂၀

**အီရတ်အစိုးရနှင့် တူရကီအစိုးရတို့သည် စက်တင်ဘာ ၁၉ရက်က အီရတ်နိုင်ငံမြောက်ပိုင်းမှ တူရကီမြေထဲပင်လယ်ဆိပ်ကမ်းမြို့ ဆေးဟမ်းသို့ သွယ်တန်းထားသည့် ပင်မရေနံပိုက်လိုင်းကြီး အချိန်တိုးမြှင့်သုံးစွဲနိုင်ရန် သဘောတူစာချုပ် ထပ်မံချုပ်ဆိုလိုက်ကြောင်း ကြေညာချက် တစ်စောင်တွင် ဖော်ပြသည်။** (အောက်ပုံ)



သဘောတူစာချုပ်အရ အီရတ်နိုင်ငံမှ ထွက်ရှိသော ရေနံစိမ်းများ ၄င်းပိုက်လိုင်းကို အသုံးပြုပြီး နောက်ထပ် ၁၅နှစ်ကြာ ပို့လွှတ်မည်ဖြစ်ကြောင်း၊ အီရတ်နိုင်ငံက တူရကီနိုင်ငံအား ပိုက်လိုင်းဖြတ်သန်းခ ရေနံစိမ်းတစ်စည် တစ်ဒေါ်လာပေးရမည်ဖြစ်ကြောင်း တူရကီရေနံဝန်ကြီး ဘန်းနားက ပြောကြားသည်။

ယင်းပိုက်လိုင်းမှတစ်ဆင့် အီရတ်ရေနံများလက်ရှိ တစ်နေ့စည်ပေါင်း ၄၅၀၀၀၀ နှင့် ၆၄၀၀၀၀ ပို့လွှတ်နေရာမှ မကြာမီနှစ်အတွင်း တစ်နေ့စည်ပေါင်း တစ်သန်း ပို့လွှတ်ပေးနိုင်လိမ့်မည် ဖြစ်ကြောင်း တူရကီဝန်ကြီးက ပြောကြားသည်။

အဆိုပါ ရေနံပိုက်လိုင်းသည် အီရတ်နိုင်ငံမြောက်ပိုင်း ရေနံအဓိကထွက်ရှိရာဒေသဖြစ်သည့် ကယ်ကွတ်မှ တူရကီနိုင်ငံ ပင်လယ်ဆိပ်ကမ်းမြို့ ဆေးဟမ်းသို့ သွယ်တန်းထားရာ မိုင်ပေါင်း ၆၀၀ရှည်ကြောင်း သိရသည်။

#### တင်ပို့ရောင်းချ

ယင်းပိုက်လိုင်းကို ၁၉၇၆ခုနှစ်က တည်ဆောက်ခဲ့ပြီး ယခင်နှစ်က စည်ပေါင်း ၁၆၇ဒသမ၆သန်း ပို့လွှတ်ပေးနိုင်ခဲ့ကြောင်း တူရကီစာရင်းဇယားများတွင် ဖော်ပြသည်။ ၄င်းပိုက်လိုင်းမှတစ်ဆင့် ရေနံတင်သင်္ဘောများနှင့် တင်ဆောင်ကာ ကမ္ဘာ့ဈေးကွက်သို့ အီရတ်ရေနံများ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

### အမေရိကန်တပ်ဖွဲ့ဝင် ခုနစ်ဦး အီရန်နယ်ခြားစောင့်တပ် ဖမ်းဆီး

တီဟီရန် စက်တင်ဘာ ၂၀

**အီရန်နိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်ရန် ကြိုးစားနေသော အမေရိကန်တပ်ဖွဲ့ဝင် ခုနစ်ဦးအား အီရန်နယ်ခြားစောင့်တပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း အီရန်အစိုးရအာဘော်တစ်ပိုင်း ဖားစ်သတင်းအေဂျင်စီက စက်တင်ဘာ ၁၉ရက်တွင် သတင်းဖော်ပြသည်။**

**အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင် ခုနစ်ဦးအား အီရန်နိုင်ငံ အရှေ့တောင်ပိုင်း၌ အီရန်နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ မကြာသေးမီက ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း၊ ၄င်းတပ်ဖွဲ့ဝင်များနှင့် အဖော်လိုက်ပါပေးခဲ့သည့် အီရန်နိုင်ငံသားနှစ်ဦးကိုပါ ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သတင်းအေဂျင်စီက ဆက်လက်ဖော်ပြသည်။** အမ်အင်န်အေ၊ရိုက်တာ

### တာဂျစ်ကစ္စတန် တပ်ဖွဲ့ဝင် ၂၃ ဦး အာဖဂန်နယ်စပ်၌ ချုံခိုတိုက်ခိုက်ခံရ၍ သေဆုံး

မော်စကို စက်တင်ဘာ ၂၀

တာဂျစ်ကစ္စတန်နှင့် အာဖဂန်နယ်စပ်၌ စက်တင်ဘာ ၁၉ရက်က အစ္စလာမ္မစ်လက်နက်ကိုင်များ၏ ချုံခိုတိုက်ခိုက်မှုကြောင့် တာဂျစ်တပ်ဖွဲ့ဝင် အနည်းဆုံး ၂၃ဦး သေဆုံးပြီး အများအပြား ဒဏ်ရာရရှိသွားကြောင်း တာဂျစ်ကစ္စတန်ကာကွယ်ရေးဝန်ကြီးဌာနက စက်တင်ဘာ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါတပ်ဖွဲ့ဝင်များသည် တာဂျစ်ကစ္စတန်နှင့် အာဖဂန်နယ်စပ်အနီး ရပ်ရှ်ခရိုင်၌ ယာဉ်တန်းဖြင့်သွားရောက်စဉ် ချုံခိုတိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း တာဂျစ်ကာကွယ်ရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် ဖာဒီဒွန်မာခါမာဒါ လီယက်ဗ်က ပြောကြားသည်။ ယင်းတိုက်ခိုက်မှုသည် ယခုလဆန်းပိုင်းက ခူဂျန်မြို့မြောက်ပိုင်း ရဲစခန်းတစ်ခု၌ အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ချုံခိုတိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

### အီဂျစ် ရှေးဟောင်းပစ္စည်း စပိန်မှပြန်လည်ရရှိ

**မက်ဒရစ် စက်တင်ဘာ ၂၀**

အီဂျစ်နိုင်ငံမှ ၁၉၉၉ခုနှစ်က ခိုးထုတ်ခဲ့သည့် အီဂျစ်ရှေးဟောင်းသုသာန်ဂူ အစိတ်အပိုင်းများကို စပိန်နိုင်ငံ ရှေးဟောင်းပစ္စည်းဆိုင်တစ်ဆိုင်မှ ပြန်လည်တွေ့ရှိကြောင်း ဘာစီလိုနာရဲတပ်ဖွဲ့က ပြောကြားသည်။

#### ထည့်သွင်း

အီဂျစ်ရှေးဟောင်းသုသာန်ဂူမှ ကမ္ပည်းစာများကို အရှေ့အလယ်ပိုင်း ရှေးဟောင်းပစ္စည်းကျွမ်းကျင်သူတစ်ဦးက ဖတ်မိပြီးနောက် ထုံးကျောက်အစအနရှစ်ခုကို တွေ့ရှိလိုက်ခြင်းဖြစ်သည်။ ကမ္ပည်းစာများမှာ ခရစ်နှစ်မပေါ်မီ ဘီစီ-၃ရာစုက ဂူအတွင်း ထည့်သွင်းထားခြင်းလည်း ဖြစ်သည်။

#### စီစဉ်နေ

စပိန်နိုင်ငံ ရှေးဟောင်းပစ္စည်းအရောင်းဆိုင်မှ သိမ်းဆည်းမိသော အဆိုပါ အီဂျစ်ရှေးဟောင်း အမွေအနှစ်ပစ္စည်းများကို အီဂျစ် အစိုးရထံ ပြန်လည်လွှဲအပ်ပေးရန် ယခုအခါ စီစဉ်နေပြီဟု သိရသည်။

**(အင်တာနက်)**

## နောက်ဆုံးရ နိုင်ငံတကာသတင်းများ

အာကာကျော် စုစည်းသည်

### ဖာနာပီတိုင်ဖုန်းမုန်တိုင်း ဖူကျန်းပြည်နယ်သို့ဝင်ရောက် သစ်ပင်ကြီးများလဲကျ၊ ကျောင်းများပိတ်ထားရ



ဖူကျို့ စက်တင်ဘာ ၂၀

*ယခုနှစ်တွင် တရုတ်နိုင်ငံသို့ ၁၁ ခုမြောက် မုန်တိုင်းအဖြစ် ဝင်ရောက်တိုက်ခတ်သည့် ဖာနာပီတိုင်ဖုန်းမုန်တိုင်းသည် စက်တင်ဘာ ၂၀ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီက တရုတ်နိုင်ငံ ဖူကျန်းပြည်နယ် အရှေ့တောင်ပိုင်းသို့ ဝင်ရောက်ခဲ့ကြောင်း ဖူကျန်းပြည်နယ် ရေဘေးတားဆီးကာကွယ်ရေးဌာနက ကြေညာသည်။*

*အဆိုပါ မုန်တိုင်းသည် ဖူကျန်းပြည်နယ်ကမ်းရိုးတန်းဒေသများသို့ ဝင်ရောက်ခဲ့ရာ ကျန်းဖူ၊ ရှားမင်း၊ဂူ့လိမြို့များ၌ လေပြင်းများတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ ၎င်းမုန်တိုင်းသည် ကုန်းတွင်းပိုင်းတွင် တစ်နာရီကီလိုမီတာ ၂၀ နှုန်းဖြင့် တိုက်ခတ်လျက်ရှိကြောင်း၊ မုန်တိုင်းကြောင့် သေဆုံးထိခိုက်မှု မသိရသေးသော်လည်း သစ်ပင်ကြီးများ လဲကျခဲ့သည်။* ***(အပေါ်ပုံ)*** ***(အင်တာနက်)***

### မက္ကဆီကိုအရှေ့ပိုင်း မုန်တိုင်းဝင်ရောက်ခဲ့မှု လူ ခုနစ်ဦးသေဆုံး၊ လူပေါင်းငါးသိန်း ရေဘေးကြုံ



*မက္ကဆီကိုစီးတီး စက်တင်ဘာ ၂၀*

*မက္ကဆီကိုနိုင်ငံ အရှေ့ပိုင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့သည့် ဟာရီကိန်း မုန်တိုင်းကားလ်ကြောင့် ခုနစ်ဦး သေဆုံးပြီး ရှစ်ဦးပျောက်ဆုံးနေကြောင်း မက္ကဆီကို အစိုးရက စက်တင်ဘာ ၂၀ရက်တွင် သတင်းထုတ်ပြန်သည်။*

*အဆိုပါ ကားလ်ဟာရီကိန်းမုန်တိုင်းသည် စက်တင်ဘာ ၁၇ရက်က မက္ကဆီကိုနိုင်ငံ ဗီရာခရုဇ်ပြည်နယ် မြောက်ပိုင်းသို့ ဝင်ရောက်ခဲ့ရာ လူပေါင်း ငါးသိန်းခန့် မုန်တိုင်းဒဏ်ခံခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။*

*၎င်းမုန်တိုင်းကြောင့် နေအိမ် ၂၀၀၀၀ကျော် ရေကြီးနစ်မြုပ်ခဲ့ပြီး လူပေါင်း ငါးသိန်းခန့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု၊ သောက်သုံးရေအခက်အခဲဖြစ်မှုတို့နှင့် တွေ့ကြုံနေကြရသည်။ (အပေါ်ပုံ)* *အမ်အင်န်အေ၊ဆင်ဟွာ*

### အိန္ဒိယအလယ်ပိုင်း၌ ရထားတိုက်မှုဖြစ်ပွား အနည်းဆုံး ၂၁ဦးသေဆုံး၊ ၅၃ ဦး ဒဏ်ရာရ



*နယူးဒေလီ စက်တင်ဘာ ၂၀*

*အိန္ဒိယနိုင်ငံအလယ်ပိုင်းတွင် စက်တင်ဘာ ၂၀ရက် နံနက်ပိုင်းက ခရီးသည်ရထားတစ်စင်းကို* ***(အပေါ်ပုံ)*** *ကုန်တင်ရထားတစ်စင်းက လမ်းကြောင်းမှား ဝင်လာပြီး ခေါင်းချင်းဆိုင်တိုက်ခဲ့သဖြင့် အနည်းဆုံး ခရီးသည် ၂၁ဦး သေဆုံးကာ ၅၃ဦး ဒဏ်ရာရခဲ့ကြောင်း မီးရထားတာဝန်ရှိသူများက ပြောကြားသည်။ မီးရထားတိုက်မှုဖြစ်ပွားရာနေရာတွင် အပျက်အစီးများကို ရှင်းလင်းနေဆဲဖြစ်၍ သေဆုံးသည့်အရေအတွက် ထပ်မံတိုးလာနိုင်ကြောင်း မီးရထားအရာရှိ အာအက်စ်ရာဒက်က ပြောကြားသည်။*

*အဆိုပါ မီးရထားတိုက်မှုသည် မြို့တော်နယူးဒေလီမြို့၏ တောင်ဘက် ၂၃၅မိုင်အကွာရှိ ဘာဒ်ဝပ် မီးရထားဘူတာ၌ ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။* ***အမ်အင်န်အေ၊ ဆင်ဟွာ***

## ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား

မိုးမြင့်လင်းလက် ရေးသားသည်

### တစ်ပတ်အတွင်း တေးအယ်လ်ဘမ် ရောင်းချရမှု စကော့တလန်အမျိုးသမီးအဆိုတော် ကမ္ဘာ့စံချိန်တင်



**လန်ဒန် စက်တင်ဘာ ၂၀**

စကော့တလန် အမျိုးသမီးအဆိုတော် ဆူဆန်ဘွိုင်လီသည် တစ်ပတ်အတွင်း သီချင်းအယ်လ်ဘမ် ၄၁၁၈၂၀အထိ ရောင်းချခဲ့ရသဖြင့် ကမ္ဘာပေါ်၌ သီတင်းတစ်ပတ်အတွင်း တေးသီချင်း အယ်လ်ဘမ် အရောင်းရဆုံး အမျိုးသမီး အဆိုတော်အဖြစ် စက်တင်ဘာ ၁၉ရက်က ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။

အဆိုတော် ဆူဆန်ဘွိုင်လီ၏ "I Dreamed A Dream" အမည်ရှိ တေးအယ်လ်ဘမ်မှာ ဗြိတိန်နိုင်ငံသမိုင်းတွင်လည်း သီတင်းတစ်ပတ်အတွင်း အမြန်ဆုံးနှင့် အများဆုံးရောင်းချရသော တေးအယ်လ်ဘမ် ဖြစ်ခဲ့သည်။ ထို့အပြင် ဘွိုင်လီ၏ ရုပ်မြင်သံကြားထုတ်လွှင့်မှု တေးသီချင်းစီးရီးအစီအစဉ်ကိုလည်း အချိန်တိုအတွင်း ကမ္ဘာတစ်ဝန်းပရိသတ်များ အကြိုက်တွေ့ခဲ့သည်။

#### မှတ်တမ်းတင်ခဲ့

အသက် ၄၈ နှစ်အရွယ်ရှိပြီဖြစ်သော ဆူဆန်ဘွိုင်လီမှာ အသက်အကြီးဆုံး အဆိုတော်အမျိုးသမီးများတွင် တေးသီချင်း အယ်လ်ဘမ်အရောင်းရဆုံးသူအဖြစ်လည်း မှတ်တမ်းတင်နိုင်ခဲ့သည်။ (ဝဲပုံ)

#### စံချိန်ချိုးနိုင်

ဆူဆန်ဘွိုင်လီသည် ၁၉၉၈ ခုနှစ်က အသက် ၃၅ နှစ်အရွယ် အဆိုတော်မက်ဒေါနား၏ တေးသီချင်းအယ်လ်ဘမ် ရောင်းချရမှုစံချိန်ကိုလည်း ချိုးနိုင်ခဲ့သည်။ မိမိအနေဖြင့် ယခုကဲ့သို့ ဂင်းနက်စ်စံချိန်တင်နိုင်လောက်အောင် စံချိန်ချိုးနိုင်သည့် တေးအယ်လ်ဘမ် ထုတ်လုပ်နိုင်မည်ဟု မည်သည့်အခါကမျှ မျှော်လင့်မထားခဲ့ကြောင်း ဘွိုင်လီက ပြောကြားသည်။

ယခင်က တေးသီချင်းအယ်လ်ဘမ် အများဆုံးရောင်းချရသူမှာ အာတစ်မွန်ကီးဖြစ်ပြီး သီတင်းတစ်ပတ်အတွင်း တေးအယ်လ်ဘမ် ရောင်းချရမှုအရေအတွက်မှာ ၅၀၀၀၀ ဖြစ်သည်။ ။ **(အင်တာနက်)**



တိုကျိုရှိ ကမ္ဘာ့အမြင့်ဆုံးဖြစ်လာမည့် မိုးပျံတာဝါဒီဇိုင်းပုံစံ။

### ကမ္ဘာ့အမြင့်ဆုံး မိုးပျံတာဝါကြီး တိုကျိုမြို့၌ တည်ဆောက်မည်

**တိုကျို စက်တင်ဘာ ၂၀**

ကမ္ဘာပေါ်တွင် အမြင့်ဆုံး မိုးပျံအဆောက်အအုံတစ်ခုကို တည်ဆောက်ရန် မိမိတို့ စီစဉ်လျက်ရှိကြောင်း၊ ၎င်းအဆောက်အအုံသည် လက်ရှိကမ္ဘာပေါ်၌ အမြင့်ဆုံး အဆောက်အအုံများထက် အမြင့်ပေများစွာ မြင့်မားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ တိုကျိုမြို့မှ အရာရှိတစ်ဦးက စက်တင်ဘာ ၂၀ ရက်၌ ပြောကြားသည်။

#### ပိုမိုမြင့်မား

တရုတ် (တိုင်ပေ)၌ တည်ဆောက်ထားသော ၁၀၁ ထပ်ရှိပြီး အမြင့် ၁၆၇၁ ပေရှိသည့် မိုးပျံတာဝါ၊ အထပ်ပေါင်း ၁၁၀ ရှိပြီး အမြင့် ၁၇၃၁ ပေရှိသော အမေရိကန်နိုင်ငံ ချီကာဂိုမြို့မှ မိုးပျံတာဝါတို့ထက် အမြင့်ပေ ရာပေါင်းများစွာ ပိုမိုမြင့်မားသည့် ကမ္ဘာ့အမြင့်ဆုံး မိုးပျံအဆောက်အအုံ ဖြစ်လာမည်ဟု ဆို၏။

ကမ္ဘာ့အမြင့်ဆုံး မိုးပျံတာဝါကို ဂျပန်နိုင်ငံ တိုကျိုမြို့၌ တည်ဆောက်မည်ဖြစ်ပြီး မြေဧရိယာအကျယ်အဝန်း ၆ စတုရန်းကီလိုမီတာအပေါ်၌ အမြင့် ၁၃၁၂၃ ပေ ရှိမည်ဖြစ်သည်။ ဂျပန်နိုင်ငံ ဖူဂျီတောင်ထက် အမြင့်ပေ ၇၀၀ခန့် ပိုမိုမြင့်မားသည့် အဆောက်အအုံပင် ဖြစ်သည်။ ၎င်းမိုးပျံတာဝါကို အထပ်ပေါင်း ၈၀၀ ကျော်ဖြင့် တည်ဆောက်ရန် စီစဉ်ထားသည်။

#### တည်ဆောက်

x-seed 4000 ဟု လောလောဆယ် အမည်ပေးထားသည့် ၎င်းမိုးပျံတာဝါကြီးကို ငလျင်ဒဏ်၊ မုန်တိုင်းဒဏ်နှင့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ခံနိုင်ရည်ရှိရန် စနစ်တကျ တည်ဆောက်သွားမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင် မပျက်စီး၊ မထိခိုက်စေရန်အတွက် နေစွမ်းအင်ကို ရယူအသုံးပြုစေမည့် အဆောက်အအုံအဖြစ် တည်ဆောက်မည်ဖြစ်သည်။

၎င်းမိုးပျံတာဝါ အဆောက်အအုံကို တည်ဆောက်ရန်အတွက် ငွေကြေးကုန်ကျမှုမှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀၀ မှ ၉၀၀ အကြားရှိမည်ဟု လောလောဆယ် ခန့်မှန်း တွက်ချက်ထားသည်။ ကမ္ဘာ့ထိပ်တန်း မြို့ကြီးတစ်မြို့အလား ပြီးပြည့်စုံသော စီးပွားရေး၊ လူမှုရေး၊ အားကစား၊ ပညာရေးမှသည် အပန်းဖြေစရာ နေရာအများအပြားပါ ထည့်သွင်းတည်ဆောက်သွားမည် ဖြစ်သည်။

#### အဆောက်အအုံပြိုင်ဘက်ကင်း

ထိပ်ဆုံးအထပ်မှ မြင်ကွင်းကိုကြည့်လျှင် ဝေဟင်မှ ကမ္ဘာမြေပြင်ကို ကြည့်ရှုခံစားရသည့်အလား မြင်တွေ့ရမည်ဖြစ်ပြီး နောက်နောင် တုယှဉ်ပြိုင်ဘက်ကင်းသည့် မိုးပျံအဆောက်အအုံအဖြစ် တည်ရှိစေမည်ဖြစ်ကြောင်း သိရသည်။ ။

**(အင်တာနက်)**

# ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း

## ရန်ကုန်မြို့ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း သတင်းစာတိုက်များမှ တာဝန်ရှိသူများအားတွေ့ဆုံ ဝန်ထမ်းများအားလုံး လုပ်ငန်းခွင်လုံခြုံရေးသတိ အမြဲရှိရန်မှာကြား

ရန်ကုန် စက်တင်ဘာ ၂၀

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် ယမန်နေ့ မွန်းလွဲ ၂နာရီ ၄၅ မိနစ်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁)ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတိုက်သို့ ရောက်ရှိပြီးရန်ကုန်မြို့ရှိ သတင်းစာတိုက်များမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ သတင်းစာများ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားပြီး မြန်မာ့အလင်းသတင်းစာတိုက်၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။**

### မှာကြား

ဝန်ကြီး ဦးကျော်ဆန်းသည် မြန်မာ့အလင်းသတင်းစာတိုက် ပုံနှိပ်စက်ခန်း၊ ဖိုတိုလစ်သို့ဌာနစိတ်၊ စာတည်းဌာနတို့မှ ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအားလုံးအနေဖြင့် မိမိတို့လုပ်ငန်းခွင်လုံခြုံရေး သတိအမြဲရှိရေးနှင့် မသမာသူများ၏ အသုံးချမခံရရေး အစဉ်သတိပြုကြရန်၊ ဝန်ထမ်း သက်သာချောင်ချိရေးအတွက် တာဝန်ရှိသူများက လစ်ဟာမှုမရှိအောင် ဂရုပြု ဆောင်ရွက်ပေးကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### ဆွေးနွေးမှာကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်း သတင်းစာတိုက်၌ ရန်ကုန်မြို့ရှိ သတင်းစာတိုက်များမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)



## မုတ်သုံလေ အားနည်းနေမည်

နေပြည်တော် စက်တင်ဘာ ၂၀

**ယနေ့နံနက် ၉နာရီခွဲအထိမိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်သည်။ ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

**စက်တင်ဘာ ၂၁ရက် ညနေအထိခန့်မှန်းချက်မှာ** ကယားပြည်နယ်တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့၌ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအနည်းငယ်သာရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မုတ်သုံလေ အားနည်းနေသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

## ရေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ဒေသများတွင် ကြိုတင်ငွေပေးဝင်ကတ်စနစ် (Prepaid Card System) ဖြင့် ဇုန်ဝင်ကြေး၊ ပြတိုက်ဝင်ကြေးများ ကောက်ခံရန် သရုပ်ပြရှင်းလင်း

ရန်ကုန် စက်တင်ဘာ ၂၀

**ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသများတွင် ကြိုတင်ငွေပေးဝင်ကတ်စနစ် (Prepaid Card System) ဖြင့် စတင်ကောက်ခံသွားမည့်ကိစ္စနှင့်စပ်လျဉ်း၍ သရုပ်ပြရှင်းလင်းပွဲကို စက်တင်ဘာ ၁၉ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ အမျိုးသားပြတိုက်၌ ကျင်းပသည်။**

### တက်ရောက်

သရုပ်ပြရှင်းလင်းပွဲသို့ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်၊ ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးလှိုင်မြင့်၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ဇော်မြင့် (ဥက္ကဋ္ဌ၊ Winner Computer Group)နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ ခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအဖွဲ့တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ခရီးသွား လုပ်ငန်းကော်မတီများနှင့် ဧည့်လမ်းညွှန်များ တက်ရောက်ကြသည်။

သရုပ်ပြရှင်းလင်းပွဲတွင် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီး ဌာနသည် ပုဂံ၊ မန္တလေး၊ ပဲခူး၊ ကျိုက်ထီးရိုး အစရှိသည့် ယဉ်ကျေးမှုအမွေအနှစ် ဒေသအသီးသီးသို့ လာရောက်လေ့လာလည်ပတ်သော နိုင်ငံခြားသားဧည့်သည်များထံမှ ဇုန်ဝင်ကြေးကောက်ခံခြင်းကို လွန်ခဲ့သော ၁၀နှစ်ကျော်ကတည်းက စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ်ဇုန် ၃၇ခု သတ်မှတ်ပြဋ္ဌာန်းပြီး ကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း၊ အမျိုးသားပြတိုက်၊ ပြည်နယ် နှင့်တိုင်းဒေသကြီး ပြတိုက်များကိုလည်း ဖွင့်လှစ်ပြသလျက်ရှိကြောင်း၊ ဇုန်ဝင် ကြေး၊ ပြတိုက်ဝင်ကြေးများကို နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ/ FEC/ယူရို) ဖြင့် ကောက်ခံလျက်ရှိရာ မသမာမှုများ ပပျောက်စေရေးနှင့် ဌာနနှင့်လုပ်ငန်းရှင် ဧည့်သည်များအကြား ပိုမိုအဆင်ပြေစွာ ဆက်ဆံဆောင်ရွက်နိုင်ရေး ရည်ရွယ်၍ ဤ Prepaid Card System စနစ်ကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှစ၍ ပြောင်းလဲကောက်ခံသွားမည်ဖြစ်ကြောင်း၊ ပထမအဆင့်အနေဖြင့် ပဲခူး၊ ပုဂံ၊ မန္တလေး၊ ကျိုက်ထီးရိုးနှင့် အမျိုးသားပြတိုက်(ရန်ကုန်)တို့တွင် ၂၀၁၀ခုနှစ် အောက်တိုဘာ ၁ရက်မှ စတင်ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ Prepaid Card ကြိုတင်ရောင်းချမှုကို ရန်ကုန်မြို့ အမျိုးသားပြတိုက်နှင့် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (ရန်ကုန်ဌာနခွဲ)၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (နေပြည်တော်)တို့တွင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ နောင်တွင် Online မှ ဝယ်ယူနိုင်ရေးအတွက်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကြိုတင်ဝယ်ယူထားခြင်းမရှိကလည်း သက်ဆိုင်ရာဇုန်အသီးသီးရှိ ကောက်ခံရေး စခန်းများတွင် ရောက်ရှိမှ ဝယ်ယူနိုင်ကြောင်း၊ ကြိုတင်ဝယ်ယူထားပါက သက်ဆိုင်ရာ ဇုန်များသို့ ရောက်ရှိပြီး စောင့်ဆိုင်းရမှုမရှိဘဲ လျင်မြန်စွာဆောင်ရွက်နိုင်မည်ဖြစ်ပြီး ရောက်ရှိမှဝယ်ယူပါက စာရင်းသွင်းခြင်းများအတွက် စောင့်ဆိုင်းရမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးလှိုင်မြင့်က ခရီးသွားလုပ်ငန်းနှင့်စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားသည်။

### ရှင်းလင်း

ထို့နောက် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ဇော်မြင့် (ဥက္ကဋ္ဌ၊ Winner Computer Group)က ဇုန်ဝင်ကြေး၊ ပြတိုက်ဝင်ကြေးများကို ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသများတွင် ကျင့်သုံးသွားမည့် ကြိုတင်ငွေပေးဝင်ကတ်စနစ်၏ အသုံးပြုဆောင်ရွက်ပုံ အဆင့်ဆင့်နှင့် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးတွင် ခရီးသွားလမ်းညွှန် မိုဘိုင်းလ် ဆော့ဝဲ(လ်)၏ လျင်မြန်လွယ်ကူပေါ့ပါးစွာ ဆောင်ရွက်သွားနိုင်ပုံတို့ကို ရှင်းလင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော ဟိုတယ်လုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်း ကော်မတီများနှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဧည့်လမ်းညွှန်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

### ဖြည့်စွက်ဆွေးနွေး

ထို့နောက် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က Prepaid Card စနစ် ကျင့်သုံးကောက်ခံခြင်းကို ခရီးသွားကုမ္ပဏီများ၊ Tour Agent များ၊ ဧည့်လမ်းညွှန်များအနေဖြင့် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်အတူ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးစေလိုကြောင်း၊ ထို့အတူ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းပေးစေလိုကြောင်းနှင့် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နယ်စပ်ဖြတ်ကျော်သော မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အာဆီယံ မဲခေါင်ဒေသခွဲနိုင်ငံများ နည်းပညာလုပ်ငန်းအဖွဲ့စည်းဝေး

**နေပြည်တော် စက်တင်ဘာ ၂၀**

နယ်စပ်ဖြတ်ကျော်သော မီးခိုးမြူငွေ့ ညစ်ညမ်းမှုဆိုင်ရာ အာဆီယံ မဲခေါင်ဒေသခွဲနိုင်ငံများ၏ ဆဋ္ဌမအကြိမ်မြောက် နည်းပညာလုပ်ငန်းအဖွဲ့ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ် Lake View Hall ၌ ကျင်းပရာ သစ်တောရေးရာ ဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် အတွင်းရေးမှူး စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

### တက်ရောက်

အဆိုပါ အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အာဆီယံမဲခေါင်ဒေသခွဲနိုင်ငံများဖြစ်ကြသော ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံ၊ စင်ကာပူနိုင်ငံ အခြေစိုက် အာဆီယံ မိုးလေဝသအထူးပြုဌာန (ASEAN Specialized Meteorological Centre ASMC)၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နယ်စပ်ဖြတ်ကျော်သော မီးခိုးမြူငွေ့ ညစ်ညမ်းမှုဆိုင်ရာ အာဆီယံ သဘောတူညီချက်ကို လိုက်နာအကောင်အထည်ဖော်ရေး ကိစ္စရပ်များ၊ သဘောတူညီချက်ကို အကောင်အထည် ဖော်ရာတွင် ဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ အာဆီယံ မဲခေါင်ဒေသခွဲ နိုင်ငံများတွင် တောမီးလောင်ကျွမ်းခြင်းနှင့် မီးခိုးမြူငွေ့ ညစ်ညမ်းမှု လျော့နည်းပပျောက်စေရေးအတွက် ရှေ့လုပ်ငန်းစဉ်များနှင့် လိုအပ်ချက်များကို ဆွေးနွေးခြင်း၊ အနာဂတ်တွင် ကြုံတွေ့နိုင်သည့် အခက်အခဲများကို ထိရောက်စွာ ဖြေရှင်းနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု အလားအလာများ စသည်တို့ကို ဆွေးနွေးညှိနှိုင်းကြမည် ဖြစ်ပြီး အဆိုပါအစည်းအဝေးကို စက်တင်ဘာ ၂၁ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စာအုပ် စာပေ

### လူ့မိတ်ဆွေ





နယ်စပ်ဖြတ်ကျော်သော မီးခိုး မြူငွေ့ ညစ်ညမ်းမှုဆိုင်ရာ အာဆီယံ မဲခေါင်ဒေသခွဲနိုင်ငံများ၏ ဆဋ္ဌမ အကြိမ်မြောက် နည်းပညာလုပ်ငန်း အဖွဲ့ အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)



# ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး ဝန်ကြီး ဦးလှထွန်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၂၀

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဘဏ္ဍာနှစ်အတွင်း ရည်မှန်းချက်များအောင်မြင်စေရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၄ရက် မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဝန်ကြီးဦးလှထွန်း တက်ရောက်အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။**

**အလေးထားဆောင်ရွက်**

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားရာ၌ ဦးစီးဌာန၊ လုပ်ငန်းဌာနများသည် ငွေရေးကြေးရေး၊ ဘဏ္ဍာရေးနှင့် အခွန်စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ကြရာတွင် ရိုးဖြောင့်မှန်ကန်စွာဖြင့် တာဝန်သိသိ၊ သစ္စာရှိရှိ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ဌာနတာဝန်ခံများအနေဖြင့် လျာထားချက် ပြည့်မီကျော်လွန်သည်ဟူသော အခြေအနေတွင် တင်းတိမ်ရောင့်ရဲမနေဘဲ ဌာနအလိုက် ဖြစ်သင့်ဖြစ်ထိုက်၊ ရသင့်ရထိုက်သည့် လုပ်ငန်းအောင်မြင်မှုများ ပြည့်ဝမှန်ကန်စွာရရှိစေရေး အလေးထား ဆောင်ရွက်ကြရန် အထူးမှာကြားလိုကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များက ဌာနဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက်ဒုတိယဝန်ကြီးက ရှင်းလင်းတင်ပြပြီး ဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မော်လမြိုင်မြို့ အထက(၈) မိဘဆရာအသင်းအစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

**မော်လမြိုင် စက်တင်ဘာ ၂၀**

မော်လမြိုင်မြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၏၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၈ရက် နံနက် ၁၀နာရီက အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း ယင်းမာခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ကြူနှင့် ဆရာ ဆရာမများ၊ မိဘဆရာအသင်း အမှုဆောင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ မိဘများ၊ အလှူရှင်များနှင့် ထူးချွန်ဆုရ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းအကျိုးတော်ဆောင် ဦးမြင့်သိန်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ကြူတို့က အမှာစကား ပြောကြားကြသည်။

**ချီးမြှင့်ပေးအပ်**

ယင်းနောက် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ထူးချွန်ဆုရ ခြောက်ဘာသာဂုဏ်ထူးရှင် မရွှေဇင်ဝင်း **(အောက်ပုံ)**နှင့် ငါးဘာသာဂုဏ်ထူးရှင် လေးဦး၊ လေးဘာသာဂုဏ်ထူးရှင် ငါးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ငါးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၀ စုစုပေါင်း ကျောင်းသူ ၄၁ဦးနှင့် အတန်းလိုက် ထူးချွန်ဆုရ ကျောင်းသူများအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ကြူ၊ ကျောင်းအကျိုးတော်ဆောင်များ၊ မိဘဆရာအသင်း အမှုဆောင်များ၊ မိဘများနှင့် အလှူရှင်များက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝ၁၄)



**ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိုးရာသီကာလတွင် ရေစီးရေလာ ကောင်းစေရေးအတွက် အဖွဲ့ဝန်ထမ်းများ ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းနေမှုကို စက်တင်ဘာ ၁၂ရက်က ဒုတိယဦးစီးမှူး ဦးအေးသိန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်သန့်ဇင်တို့ ဆောင်ရွက်ကြစဉ်။**

(မြို့နယ်စည်ပင်)



# ကွန်ပျူတာပစ္စည်း ဝယ်ယူအားပေးခဲ့ကြသူများအား ကံစမ်းမဲဖွင့်ပေး



**ရန်ကုန် စက်တင်ဘာ ၂၀**

ဒုတိယအကြိမ်မြောက် Lenovo Country Road Showတွင် ဝယ်ယူအားပေးခဲ့သော Customerများအား ကျေးဇူးတုံ့ပြန်သောအားဖြင့် ကျပ်တစ်သိန်းဆု ၁၀ဆု ကံစမ်းမဲဖွင့်ရွေးချယ်ပွဲကို ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်ရှိ Mnigo Snacks & Beverage၌ စက်တင်ဘာ ၁၇ရက်က ကျင်းပခဲ့ရာ KMD Computer Group မှ Sales Director ဒေါ်သင်းသင်းစိုးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး Sales Supervisor ဦးလွင်ထူးအောင်က မြန်မာတစ်နိုင်ငံလုံးတွင် ကျင်းပခဲ့သော Lenovo Country Road Show အကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် စာနယ်ဇင်းများမှ တာဝန်ရှိသူများက ကံထူးရှင်များအား မဲနှိုက်ရွေးချယ်ပေးကြသည်။ **(အပေါ်ပုံ)**

**စိတ်တိုင်းကျ**

ပြပွဲကာလအတွင်း နည်းပညာအသစ်များဖြင့် ထွက်ရှိလာသော ပစ္စည်းအသစ်အဆန်း အစုံအလင်ကို ပြသပေးနိုင်သည့် အပြင် P6100 Processor ဖြင့် ကျပ်လေးသိန်းခွဲဝန်းကျင်ရှိ Lenovo G460L Notebook, Desktop များ၏ နေရာတွင် အစားထိုးနေရာယူလာမည့် All-in-One PC များ၊ Graphic Designer များ၊ အင်ဂျင်နီယာ ဒီဇိုင်းဆွဲသူများ၊ Gamer များ အကြိုက်တွေ့ခဲ့ကြသည့် 15.6" LCD Display ပါဝင်သော Lenovo Y560 Notebook, iNGO အဖွဲ့အစည်းများမှ စံအဖြစ်သတ်မှတ်၍ အသုံးပြုသော Lenovo Think Pad Notebook များကိုလည်း ပြသရောင်းချခဲ့ရာ ဝယ်ယူသူများအနေဖြင့် စိတ်တိုင်းကျ ရွေးချယ်ဝယ်ယူနိုင်ခဲ့ကြကြောင်း သိရှိရသည်။

**စုံစမ်းမေးမြန်းနိုင်**

Intel မှ အသစ်ထွက်ရှိလာသော P6100 Processor များသည် Core i နည်းပညာဖြင့် ထုတ်လုပ်ထားသော Dual Core Processor များဖြစ်သောကြောင့် ယခင် Pentium Dual Core Processor များတွင် မရရှိသော Full-HD movie များကို ကြည့်ရှုရာတွင် သီးသန့် Graphic Card ထပ်တပ်စရာမလိုသော HD Graphic နည်းပညာ လုပ်ငန်းများလုပ်ဆောင်ရာတွင် ပိုမိုမြန်ဆန်စေမည့် Quick Path Interface (QPI) နှင့် L3 Cache စသော နည်းပညာများလည်း ပါဝင်လာခဲ့ခြင်းကြောင့် လူကြိုက်များလာရခြင်းဖြစ်သည်။ Lenovo Road Show များကို အခါအားလျော်စွာ ကျင်းပပေးသွားမည်ဖြစ်ရာ အသေးစိတ် သိရှိလိုပါက Lenovo Authorised Distributor: DCD KMD Computer Group ဖုန်း-၂၉၆၅၇၉ နှင့် ၂၄၅၁၈၀ တို့သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# ဒို့ကျေးရွာဂျာနယ် အတွဲ(၇)၊ အမှတ်(၁၈) ထွက်ပြီ

**ရန်ကုန် စက်တင်ဘာ ၂၀**

ကန်ရာသီ တော်သလင်းလ၏ ယင်းမာပန်းများ မွှေးပျံ့ခြင်းနှင့်အတူ ကျေးလက်နေပြည်သူတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဗဟုသုတအဖြာဖြာတို့ကို စုံလင်စွာဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ်အတွဲ(၇)၊ အမှတ်(၁၈)ကို ထုတ်ဝေဖြန့်ချိထားပြီ ဖြစ်သည်။

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် မိုးစပါးအတွက် အောင်ရေ၊ ရာသီအလိုက်အချိန်ခါကိုက် စကမြေပဲစိုက်၊ စပါးပင်သဘာဝ ကြီးထွားမှုကာလကိုမူတည် တိုးမြှင့်အထွက်စွမ်းရည်၊ ငွေကုန်သက်သာ သဘာဝမြေဩဇာ၊ ကိုင်းဆက်မျိုးပွား အကျိုးများ၊ ဒေသနှင့်ကိုက်ညီသည့် ပဲပုပ်မျိုးရွေးချယ်စိုက်ပျိုး၊ အာလူးနှောင်းပင်နာကျရောဂါ စသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ ခိုင်းနွားများကျစ်၍ ဝစေသော အစာကျွေးနည်း၊ အရည်အသွေးပြည့် ငါးကန်များဖြစ်ထွန်းလာစေရန်၊ တိရစ္ဆာန်များ၏ ဗီဇဆက်ခံနိုင်မှုနှင့် တစ်နိုင်မွေးမြူရေး စသည့် မွေးမြူရေးဆောင်းပါးများ၊ ကြိုတင်ကာကွယ် ကူးစက်ရောဂါအန္တရာယ်၊ နှလုံးကျန်းမာရေးဂရုပြုပေး၊ သွေးတိုးလေငန်းကာကွယ်၍ စားကောင်းအိပ်ပျော်စေမည့် ရှောက်တစ်လုံးဆေး၊ မွေးစမှပင် ဆင်ခြင်သင့်သည့် အသည်းဝေဒနာ၊ ဆေးဖက်ဝင် စွယ်တော်ပင်၊ နွားနို့အကြောင်း တစေ့တစောင်း စသည့် ကျန်းမာရေးဆောင်းပါးများ၊ ရိုးရာယဉ်ကျေးမှုအစဉ်အလာတစ်ရပ်အဖြစ် ဆက်လက်ထိန်းသိမ်းထားရမည့် အင်းလေးဖောင်တော်ဦးဘုရားပွဲတော်၊ စာပေအလင်း ထွန်းညှိပေးသည့် ပညာအလှူ၊ တွေးမိတိုင်းပျော်တယ်၊ ဒို့ကျေးရွာ မနေ့ကနဲ့ ဒီနေ့ စသည့် အသိပညာပေးသုတ၊ ရသဆောင်းပါးများ၊ ဘရာဇီးနိုင်ငံအကြောင်း သိကောင်းစရာ၊ စင်ကာပူနှင့် တရုတ် နှစ်နိုင်ငံ ငွေကြေးဖလှယ်မှုစာချုပ်ချုပ်ဆို၊ ကမ္ဘာ့ပြည်သူပြည်သားများ စားနပ်ရိက္ခာအခက်အခဲများ ကြုံတွေ့လာနိုင်၊ ကမ္ဘာ့ဈေးကွက်သို့ ဘင်္ဂလားဒေ့ရှ် ချည်ထည်တင်ပို့မှုမြင့်တက် စသည့် နိုင်ငံတကာသတင်းဆောင်းပါးများ၊ အားကစားသတင်းများနှင့် အနုပညာအလုပ်ကို အကောင်းဆုံးဖြစ်အောင် လုပ်သွားမယ်ဆိုတဲ့ မိုးယုစံနှင့်တွေ့ဆုံခြင်း စသည့် အနုပညာသတင်းများ၊ လမ်းကြောင်းပြောင်းခြင်း ဝတ္ထုတိုတို့အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ ဗေဒင်၊ မြန်မာဗီဒီယိုဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို စုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။

**(သတင်းစဉ်)**

## ပညာရည်ချွန်ဆုပေး

စက်တင်ဘာ ၁၂ရက်က ကျင်းပသော ရေးမြို့နယ် အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေထွန်းအောင် ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

(ပညာရေး)





ဗိုလ်ကြီးရဲမြတ်ကျော်-ဒေါ်သိမ့်ရွှေစင်ဝင်း၊ သား မောင်ရဲမာန်ဟိဏ်း မိသားစုက အလှူငွေကျပ်သိန်း ၂၀ကို စက်တင်ဘာ ၈ရက်က အမှတ် (၁)တပ်မတော် သားဖွားမီးယပ်နှင့် ကလေးဆေးရုံ ခုတင်(၃၀၀)သို့ လှူဒါန်းရာ တပ်မှူးက အလှူငွေလက်ခံယူစဉ်။

(မြန်မာ့အလင်း)

* ***ရှေ့ဖုံးမှ***

ရှေးဦးစွာ ဗိုလ်ချုပ်တင်ငွေနှင့် တာဝန်ရှိသူတို့က ဆေးရုံတက်ရောက်လျက်ရှိသော လူနာများအား ပစ္စည်းများကို ပေးအပ်ကြကာ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စကား ပြောကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်တင်ငွေနှင့် တိုင်းမှူးတို့က ဆေးရုံအတွက်ပစ္စည်းများ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူတစ်ဦးကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ဗိုလ်ချုပ်တင်ငွေသည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီတပ်နယ်ရှိ တပ်ကြီးကုန်းကျေးရွာအုပ်စု နယ်မြေခံတပ်ရင်းသို့ ရောက်ရှိပြီး တပ်ရင်းအတွင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**အမှာစကားပြောကြား**

ယင်းနောက် မှော်ဘီတပ်နယ်ရှိ ဆတ်သွားတောကျေးရွာအုပ်စု နယ်မြေခံတပ်ရင်းသို့ရောက်ရှိပြီး နယ်မြေခံတပ်ရင်းခန်းမ၌ နယ်မြေခံတပ်ရင်းများမှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ဆက်လက်၍ နယ်မြေခံတပ်ရင်းများမှ မိသားစုဝင်များအတွက် ၂၁ လက်မ ရုပ်မြင်သံကြားဖမ်းစက်များ ပေးအပ်လှူဒါန်းကာ မှော်ဘီတပ်နယ် နယ်မြေခံတပ်ရင်းများမှ အရာရှိ စစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**ဖြည့်ဆည်းဆောင်ရွက်**

ထို့နောက် ဗိုလ်ချုပ်တင်ငွေသည် နယ်မြေခံတပ်ရင်းအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် တပ်ရင်းသက်သာချောင်ချိရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

**(သတင်းစဉ်)**



**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးအထူးကုဆေးရုံကြီး၌ ဆေးရုံတက်ရောက်လျက်ရှိသည့် လူနာများအား ပစ္စည်းများပေးအပ်စဉ်။** (သတင်းစဉ်)

## ဖြတ်သန်းကြည့်ရှု

**တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်နှင့် ဝန်ကြီး ဦးခင်မောင်မြင့်တို့ မြောက်ယမားချောင်းတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။** (သတင်းစဉ်)



○ ***ရှေ့ဖုံးမှ***

အခမ်းအနား အစီအစဉ်အရ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ဝန်ကြီးက တံတားတည်ဆောက်ပေးရခြင်းနှင့် တံတားဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။

**ကျေးဇူးတင်စကားပြောကြား**

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးက တံတားကြီးဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် တံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်တာဝန်ရှိသူတို့က မြောက်ယမားချောင်းတံတားကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဧည့်ပရိသတ်များနှင့်အတူ မင်္ဂလာမုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ တိုင်းမှူးက မြောက်ယမားချောင်းတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာဖြင့်ပက်ဖျန်းပေးကာ တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုကြ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ဖွံ့ဖြိုးတိုးတက်**

မြောက်ယမားချောင်းတံတားကို ဖွင့်လှစ်ပေးခဲ့သည့်အတွက် ပုသိမ်မှမုံရွာအထိ မော်တော်ယာဉ်များဖြင့် အချိန်တိုအတွင်း အလွယ်တကူ လျင်မြန်စွာ သွားလာနိုင်တော့မည် ဖြစ်သကဲ့သို့ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး တိုင်းဒေသကြီး လေးတိုင်းကို ဖြတ်သန်းသွားလာနိုင်ပြီး ၎င်းဒေသအတွင်းရှိ ပြည်သူများ အနေဖြင့် စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ပညာရေးနှင့် ကျန်းမာရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဖဲကြိုးဖြတ်ဖွင့်လှစ်

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်နှင့် တာဝန်ရှိသူတို့က မြောက်ယမားချောင်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)



# (၆၂)နှစ်မြောက် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့အခမ်းအနား

# ပို့ဆောင်ရေးဝန်ကြီး ဦးသိန်းဆွေ တက်ရောက်

ရန်ကုန် စက်တင်ဘာ ၂၀

**ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းတစ်ခုဖြစ်သော အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ် (IMO) က ကြီးမှူး၍ အဖွဲ့ဝင်နိုင်ငံများ၌ နှစ်စဉ်ကျင်းပသည့် ၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ ပတ်ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပသည်။**

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေက အဖွင့်အမှာစကားပြောကြားပြီး ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ် Mr. Bishow B. Parajuli က အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် အတွင်းရေးမှူးချုပ် Mr. Efthimios E. Mitropoulos ထံမှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

**ဂုဏ်ပြုဆုများချီးမြှင့်**

ယင်းနောက် ဝန်ကြီး ဦးသိန်းဆွေနှင့် တာဝန်ရှိသူများက ၂၀၁၀ခုနှစ် ဇွန်၁၀ရက်တွင် စပိန်နိုင်ငံ၏ အနောက်မြောက်ဘက် မိုင်၃၅၀အကွာ ကမ်းလွန်ပင်လယ်ပြင်အတ္တလန္တိတ်သမုဒ္ဒရာအတွင်း၌ ဘေးဒုက္ခရောက်နေသည့် အပျော်စီးသင်္ဘောမှ အင်္ဂလိပ်လူမျိုး လေးဦးအား သက်စွန့်ဆံဖျားကယ်တင်ခဲ့သော MTM သင်္ဘောကုမ္ပဏီပိုင် MTM PRINCESS ရေယာဉ်မှ ရေယာဉ်မှူး Capt. ဇော်အောင်နှင့် မြန်မာ့ရေယာဉ်ဝန်ထမ်းများအား ဂုဏ်ပြုဆုများချီးမြှင့်ကြသည်။

ထို့နောက် ရေယာဉ်မှူး Capt. ဇော်အောင်က မိမိနှင့် သင်္ဘောဝန်ထမ်းများကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများကို ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကား ပြောကြားသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ဝန်ကြီးနှင့် ဌာနအကြီးအကဲများ၊ ဧည့်သည်တော်များသည် ၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သည့် "2010 YEAR OF THE SEAFARER" နှင့်စပ်လျဉ်းသည့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




**ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ စပိန်နိုင်ငံ၏ အနောက်မြောက်ဘက် မိုင်၃၅၀အကွာ ကမ်းလွန်ပင်လယ်ပြင် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း၌ ဘေးဒုက္ခရောက်နေသည့် အပျော်စီးသင်္ဘောမှ အင်္ဂလိပ်လူမျိုး လေးဦးအား သက်စွန့်ဆံဖျားကယ်တင်ခဲ့သော MTM PRINCESS ရေယာဉ်မှ ရေယာဉ်မှူး Capt. ဇော်အောင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

**ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် ဌာနေကိုယ်စားလှယ် Mr. Bishow B. Parajuli က အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် အတွင်းရေးမှူးချုပ် Mr. Efthimios E. Mitropoulos ထံမှပေးပို့သော သဝဏ်လွှာကိုဖတ်ကြားစဉ်။** (သတင်းစဉ်)



# ကယားပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများရှင်းလင်းမှာကြား

**ရန်ကုန် စက်တင်ဘာ ၂၀**

ကယားပြည်နယ် ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးခင်မောင်ရီသည် စက်တင်ဘာ ၁၅ရက်တွင် လွိုင်ကော်မြို့ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲရုံး၌ လွိုင်ကော်မြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာကော်မရှင် အဖွဲ့ခွဲဝင်များအားတွေ့ဆုံပြီး ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်ရှိ နဘူး-ရေပူ-ပိုင်ကျုံလမ်းပေါ်ရှိ ပတတံတားဖွင့်

နေပြည်တော် စက်တင်ဘာ ၂၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကရင်ပြည်နယ် ဘားအံခရိုင်က တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သည့် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် နဘူး-ရေပူ-ပိုင်ကျုံလမ်းပေါ်ရှိ ပတတံတားဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၈ရက် နံနက်ပိုင်းတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူ အင်အား ၃၀၀၀ကျော် တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းက အမှာစကားပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေက တံတားတည်ဆောက်ပေးရခြင်းနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

**ဖွင့်လှစ်ပေး**

ထို့နောက် ဒုတိယဝန်ကြီး၊ ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့သည် ပတတံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူတို့က ပတတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ မုခ်ဦးရှေ့၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ပြည်နယ်ဥက္ကဋ္ဌက ပတတံတား ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တာဝန်ရှိပုဂ္ဂိုလ်များက ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာပက်ဖျန်းကြကာ တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုကြ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**






## ဖွင့်လှစ်ပေး

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း ပတတံတား ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၁-၉-၂၀၁၀ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၆။ အကပြိုင်ပွဲ
၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၂၅ ၉။ **ကျွမ်းတိုင်းမကြမ်းနဲ့**
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အတီးပြိုင်ပွဲ
၄:၂၅ ၃။ တေးဂီတအစီအစဉ်
၄:၃၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
၄:၅၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
၅:၁၅ ၇။ တောမြိုင်စွန်းမှ လွမ်းမျက်ရည်
၅:၄၀ ၈။ ရင်မှာစွဲထင် တေးအလှသံစဉ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၁။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆:၃၅ ၁၂။ ဆိုလိုက်ကြစို့
၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **မဟာဆန်သူ…ကိုယ့်ချစ်သူ** (အပိုင်း-၁၉)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **သွေး** (အေဝမ်းစိုးမြင့်အဖွဲ့၊ တေးရေး-ကိုညွန့်ဝေ၊ မောင်ထွန်းမင်း)
၁၈။ ရယ်စရာဟာသများ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (ဒုတိယတွဲ) (အပိုင်း-၂၈)
၂၀။ ရုပ်ရှင်ပဟေဠိ

# ဘာသာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၀

STI Education သည် ၂၀၀၇ ခုနှစ်မှစ၍ Diploma in Logistics Management နှင့် Diploma in Supply Chain Management သင်တန်းများကို ပြည်တွင်း၌ ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိသည်။

**ကျင်းပမည်**

ယခုအခါ Logistics ပညာရှင်များ၊ Logistics ဘာသာရပ်ဆိုင်ရာ ဝန်ထမ်းများနှင့် စိတ်ဝင်စားသူများ များပြားလာသဖြင့် စင်ကာပူနိုင်ငံရှိ Logistics ဘာသာရပ်ကို ဖြန့်ဖြူးပေးနေသော အကြီးဆုံး Institute ဖြစ်သည့် Singapore Institute of Materials Management (SIMM) နှင့် ပူးပေါင်းကာ Logistics နှင့် Supply Chain ဘာသာရပ်ကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်မည့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပမည်ဖြစ်သည်။

SIMMသည်စင်ကာပူရှိ ကုန်ထုတ်လုပ်မှု စီမံခန့်ခွဲရေးဆိုင်ရာ တက္ကသိုလ်တစ်ခုဖြစ်၍ ဝယ်ယူဖြည့်ဆည်းရေး၊ သိုလှောင်ရေး၊ သယ်ယူပို့ဆောင်ရေး စသည့် စီမံခန့်ခွဲမှု သဘောတရားများကို နိုင်ငံတကာ အတွေ့အကြုံနှင့် ဆက်စပ်၍ ပညာမျှဝေနေသော အကြီးဆုံး non-profit အဖွဲ့အစည်းတစ်ရပ် ဖြစ်သည်။

**ဆွေးနွေးမည်**

အလုပ်ရုံဆွေးနွေးပွဲတွင် SIMM ၏ Deputy Director Mr. Jasni Hambali က ကမ္ဘာနှင့်အဝန်း စီးပွားရေး ယှဉ်ပြိုင်မှုများတွင် အသာစီးရစေမည့် Logistics နှင့် Supply Chain စီမံခန့်ခွဲပုံများကို အဓိကထား၍ Global Trends in Logistics & Supply Chain Management ခေါင်းစဉ်ဖြင့် ဆွေးနွေးမည်ဖြစ်သည်။

**စာရင်းပေးသွင်းနိုင်**

အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၅ရက် (စနေနေ့) မွန်းလွဲ ၁နာရီမှ ညနေ ၅နာရီအထိ Strand Hotel ၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသော အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့် တစ်ဦးချင်း တက်ရောက်နိုင်ပြီး ထိုင်ခုံနေရာ ကန့်သတ်ထားသဖြင့် STI Education အမှတ် ၃၇၇ ရွှေဘုံသာ အထက်လမ်း ပန်းဘဲတန်းမြို့နယ်သို့ လည်းကောင်း၊ အဆောင် ၄ အခန်း ၇ Myanmar Info-Tech Hlaing Campus လှိုင်မြို့နယ်သို့ လည်းကောင်း ဖုန်း-၂၅၀၀၅၆၊ ၇၀၀၂၇၃၊ ၅၀၇၀၄၈၊ ၅၀၇၁၅၁နှင့် ၅၀၇၁၅၂ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ရောင်းချလျက်ရှိသော စားသောက်ကုန်ပစ္စည်းများတွင် အများပြည်သူ စားသုံးရန် ကျန်းမာရေးနှင့်ညီညွတ်ခြင်း ရှိ၊ မရှိကို ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ တာဝန်ရှိသူများ၊ သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ဈေးမိဈေးဖ အကျိုးဆောင်အဖွဲ့တို့ ပူးပေါင်း၍ စက်တင်ဘာ ၃ရက်က ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးရုံး၏ အတွင်းရေးမှူးနှင့် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ စည်းကမ်းထိန်းသိမ်းရေး ဗဟိုကော်မရှင် ဒုတိယအတွင်းရေးမှူးနှင့်အဖွဲ့ ပြန်လည်ထွက်ခွာ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေ အတွင်းရေးမှူးရုံး၏ အတွင်းရေးမှူးနှင့် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ စည်းကမ်းထိန်းသိမ်းရေး ဗဟိုကော်မရှင် ဒုတိယအတွင်းရေးမှူး H.E. Mr. He Yong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ရှိ ကျောက်မျက်ရတနာပြတိုက်သို့ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)



နေပြည်တော် စက်တင်ဘာ ၂၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးရုံး၏ အတွင်းရေးမှူးနှင့် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ စည်းကမ်းထိန်းသိမ်းရေး ဗဟိုကော်မရှင် ဒုတိယအတွင်းရေးမှူး H.E. Mr. He Yong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၆ရက် မွန်းလွဲ ၁၂နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိကြပြီး ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

**တည်ခင်းဧည့်ခံ**

ညပိုင်းတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းက တရုတ်ဧည့်သည်အဖွဲ့အား ဆီဒိုးနားဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ယင်းကိုယ်စားလှယ် အဖွဲ့သည် စက်တင်ဘာ ၁၇ရက် နံနက်ပိုင်းတွင် နေပြည်တော်သို့ရောက်ရှိကြပြီး မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံကို ကြည့်ရှုလေ့လာကြသည်။

စက်တင်ဘာ ၁၈ရက် နံနက်ပိုင်းတွင် ကျောက်မျက်ရတနာပြတိုက်၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ (MICC)နှင့် နေပြည်တော် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှု လေ့လာကြပြီး မွန်းလွဲပိုင်းတွင် မန္တလေးမြို့သို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာကြသည်။

**တက်ရောက်**

ထို့နောက် ညပိုင်းတွင် Mandalay Hill Resort ၌ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ကြသည်။

**ဖူးမြော်ကြည်ညို**

တရုတ်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၉ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ မြနန်းစံကျော် ရွှေနန်းတော်၊ ယဉ်ကျေးမှုပြတိုက်နှင့် ရတနာပုံ တံတားတို့ကို သွားရောက်ကြည့်ရှု လေ့လာကြပြီး မွန်းလွဲပိုင်းတွင် ကုသိုလ်တော်ဘုရား၊ မန္တလေးတောင်၊ မဟာမြတ်မုနိဘုရားတို့အား သွားရောက်ဖူးမြော် ကြည်ညိုကြသည်။

တရုတ် ဧည့်သည်တော်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့်ပြန်လည် ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရှင်းလင်းတင်ပြ

မြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ကျောက်တိုင်လမ်း ကတ္တရာခင်းရန် ကျောက်များစုဆောင်းထားရှိမှုကို စက်တင်ဘာ ၁၀ရက်က မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမိုးထိုက် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်ဟန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မင်းဦးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ပုလဲမြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၀

ပုလဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေး လှုပ်ရှားမှုလုပ်ငန်းများကို စက်တင်ဘာ ၁၁ရက်တွင် မြို့ပေါ်ရပ်ကွက်များ၌ ဆောင်ရွက်ကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့်အတူ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းပြီး တစ်အိမ်တက် တစ်အိမ်ဆင်း သွားရောက်ကာ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို လက်တွေ့ပြသ၍ ပညာပေးဆောင်ရွက်ကြသည်။

**ကွင်းဆင်းဆောင်ရွက်**

လက်တွေ့ပြသခြင်း၊ ပညာပေးဆောင်ရွက်ခြင်း လုပ်ငန်းများကို အပတ်စဉ် စနေနေ့တိုင်း ကွင်းဆင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**မူးယစ် ကင်းစင် အလှဆင်**

❖ *ကျောဖုံးမှ*

စိုက်ပျိုးရေရရှိရေးအတွက် ရေလှောင်တမံများ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင် စီမံကိန်းများ၊ မြေအောက်ရေရရှိရေးလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

**အားသာချက်များရှိ**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ မြန်မာ့ရေမြေ သဘာဝနှင့်ကိုက်ညီစေရန် သုတေသနပြုမျိုးစပ်ထုတ်လုပ်ခဲ့သော ငွေချည်(၆) ချည်မျှင်ရှည်ဝါမျိုးကို ယခင်ရှိခဲ့သော ဝါမျိုးများနှင့်နှိုင်းယှဉ်ပါက ဝါထွက်နှုန်းမြင့်မားခြင်း၊ ဂွမ်းမွေး အရည်အသွေးကောင်းမွန်ခြင်း၊ ဂွမ်းထွက်နှုန်းကောင်းမွန်ခြင်း၊ အသက်လျှင်ခြင်း၊ မိုးကြို၊ မိုး၊ မိုးနှောင်းရာသီမရွေးစိုက်ပျိုးနိုင်ခြင်း၊ လက်ရှိ ဝါစိုက်ပျိုးသည့် ဒေသအားလုံး၌ စိုက်ပျိုးဖြစ်ထွန်းပြီး ကျယ်ပြန့်သော ဒေသကိုက်ညီမှုရှိခြင်း၊ ရာသီဒဏ် ခံနိုင်ရည်ရှိခြင်း၊ ဝါထွက်နှုန်းကိုအဓိက ထိခိုက်စေသည့် သီးလုံးဖောက်ပိုးများအား ခံနိုင်ရည်ရှိခြင်း၊ သီးလုံးဖောက်ပိုးများအား ကာကွယ်နှိမ်နင်းရန် ပိုးသတ်ဆေးဖိုးနှင့် ဆေးဖျန်းစရိတ်သက်သာခြင်း၊ ပန်းရောင်သီးလုံးဖောက်ပိုးကြောင့်ဖြစ်သော ကျွယ်ဝါနှင့် အရောင်စွန်းဝါများ ကင်းပြီး ဝါအရည်အသွေးအတန်းအစား ပိုမိုကောင်းမွန်သဖြင့် ဝါဈေးနှုန်းပိုမိုရရှိခြင်း၊ သီးလုံးဖောက်ပိုးများ ကျရောက်မှုကို ပူပန်စိုးရိမ်ရန်မလိုတော့ဘဲ ဝါစိုက်တောင်သူများစိတ်အေးချမ်းမြေ့စွာ ဝါစိုက်ပျိုးလာနိုင်ခြင်း၊ ဝါအထွက်နှုန်း ကောင်းရန်နှင့် အကျိုးအမြတ်ရရှိရန် သေချာခြင်း၊ သီးလုံးဖောက်ပိုးကျရောက်မှု ကင်းဝေးခြင်းကြောင့် အခြားအပင်ပြုစုမှုလုပ်ငန်းများ (ဓာတ်မြေဩဇာထည့်သွင်းခြင်း၊ အပင်ဖြစ်ရေသွင်းခြင်း၊ ပေါင်းမြက်နှိမ်ခြင်း) ဆောင်ရွက်ခြင်းမှ အထွက်နှုန်း တုံ့ပြန်မှုပိုမိုရရှိခြင်း၊ ဝါသီးတင်မှုနှုန်းမြင့်မားခြင်း၊ ဝါပေါက်မှုညီညာခြင်း၊ ဝါပေါက်ကြီး၍ အလေးချိန်စီးခြင်း၊ ဝါကောက်ရ လွယ်ကူခြင်း စသည့် အားသာချက်များရှိကြောင်း သိရှိရသည်။

ယခုအခါ မြန်မာနိုင်ငံ၌ ငွေချည်(၆) ချည်မျှင်ရှည်ဝါကို နိုင်ငံတစ်ဝန်းလုံး ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးပြီး ကမ္ဘာ့အဆင့်မီ အရည်အသွေးပြည့်ဝစွာ စိုက်ပျိုးထုတ်လုပ်နိုင်ပြီဖြစ်သည်။ နှစ်နှစ်တာ စိုက်ပျိုးထုတ်လုပ်မှု အတွေ့အကြုံများအရ ငွေချည်(၆) ချည်မျှင်ရှည်ဝါသည် အခြားသော စီးပွားရေးကဏ္ဍများကို ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်စေနိုင်သည့်



အမှတ်(၁)စက်မှုဝန်ကြီးဌာန တောင်တွင်းကြီး ဝါကြိတ်စက်ရုံ၌ ဝါများကို ဂွမ်းအဖြစ် ကြိတ်ခွဲထုတ်လုပ်နေမှုကို တွေ့ရစဉ်။

စက်မှုကုန်ကြမ်းသီးနှံဖြစ်ကြောင်း တွေ့ရှိရသည်။ ယခင်က ဝါမျိုးများသည် တစ်ဧက အမြင့်ဆုံးအထွက်နှုန်း ပိဿာ ၄၀၀-၅၀၀ခန့်သာ ရရှိခဲ့သော်လည်း ငွေချည်(၆)ဝါမျိုးသည် ယခုအခါ တစ်ဧကပိဿာ ၁၆၀၀ ထွက်ရှိသည်အထိ စိုက်ပျိုးထုတ်လုပ်နိုင်ပြီဖြစ်ရာ ထွက်ရှိသော ငွေချည်(၆)ချည်မျှင်ရှည်ဝါကို အသုံးပြု၍ နိုင်ငံပိုင်စက်ရုံအလုပ်ရုံများနှင့် ပုဂ္ဂလိကပိုင် စက်ရုံအလုပ်ရုံများက အရည်အသွေးကောင်းမွန်သော အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများစွာကို ထုတ်လုပ်ပေးလျက်ရှိသည်။ ထို့အပြင် ပြည်တွင်းသုံး လိုအပ်ချက်မှပိုလျှံသည့် ဝါဂွမ်းများကို ပြည်ပသို့ရောင်းချနိုင်ခဲ့သည်။

**ဈေးကွက်ရှိသီးနှံ**

နိုင်ငံတိုင်းရှိ လူသားတိုင်းက ဝါကို မဖြစ်မနေ သုံးစွဲနေကြရသော်လည်း တစ်ကမ္ဘာလုံးတွင် ဝါစိုက်ပျိုးဖြစ်ထွန်းသည့် နိုင်ငံပေါင်း ၇၀ခန့်သာရှိသည်။ ထို့ကြောင့် ဝါနှင့်ဝါဂွမ်းသည် ပြည်တွင်းဈေးကွက်တွင်သာမက ကမ္ဘာ့ဈေးကွက်တွင်ပါ အစဉ်သဖြင့် အရောင်းအဝယ်ဖြစ်ထွန်းနေသည့် သီးနှံဖြစ်သည်။ ကမ္ဘာ့လူဦးရေ တိုးတက်နေသည်နှင့်အမျှ ဈေးကွက်ရှိနေမည့် သီးနှံဖြစ်သည်။

တောင်သူများအနေဖြင့် နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးခြင်း၊ သွင်းအားစုနှင့် နည်းပညာများကို မှန်ကန်စွာအသုံးချခြင်းတို့ဖြင့် အရည်အသွေးကောင်းမွန်သည့် ဝါဂွမ်းများကို စိုက်ပျိုးထုတ်လုပ်နိုင်သည်။ ဝါတစ်ဧကအတွက် စိုက်ပျိုးစရိတ်သည် သွင်းအားစုအပါအဝင် ပျမ်းမျှငွေကျပ် နှစ်သိန်းခန့်သာကုန်ကျပြီး ပျမ်းမျှအထွက်နှုန်း တစ်ဧကပိဿာ ၁၀၀၀ထွက်ရှိအောင် စိုက်ပျိုးထုတ်လုပ်နိုင်ပါက တစ်ဧကလျှင် ပျမ်းမျှ ခုနစ်သိန်းခန့် အမြတ်ငွေရရှိနိုင်မည် ဖြစ်သည်။ စတင်စိုက်ပျိုးချိန်မှ အပြီးသတ် ကောက်သိမ်းချိန်အထိ ငါးလခန့်သာ ကြာမြင့်သောကြောင့် တောင်သူတစ်ဦး၏ တစ်လဝင်ငွေ တစ်သိန်းကျော်ရရှိမည်ဟု ခန့်မှန်းနိုင်သည်။ အမြင့်ဆုံးအထွက်နှုန်း တစ်ဧက ပိဿာ ၁၆၀၀ရရှိအောင် ကြိုးပမ်းနိုင်မည်ဆိုလျှင် ရရှိမည့်အကျိုးအမြတ်ကို တွက်ဆကြည့်နိုင်ပေသည်။ ဝါစိုက်ပျိုးရေးလုပ်ငန်းသည် တောင်သူများ အတွက် ရေရှည်အကျိုးဖြစ်စေမည့် လုပ်ငန်းဖြစ်ပြီး အကျိုးအမြတ်များသော လုပ်ငန်းဖြစ်၍ စူးစူးစိုက်စိုက် ကြိုးစားလုပ်ကိုင်ပါက တောင်သူများ ဝင်ငွေမြင့်မားလာမည်ဖြစ်သည်။

ဝါသည် မြေညံ့၌ပင် ပေါက်ရောက်နိုင်ခြင်း၊ ရာသီဥတုအပူဒဏ်ခံနိုင်ခြင်း၊ သယ်ယူပို့ဆောင်ရာတွင် အပျက်အစီး နည်းခြင်းတို့ကြောင့် အကြမ်းခံနိုင်သော သီးနှံဖြစ်သည်။ မြန်မာပြည်အလယ်ပိုင်းရှိ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့သည် ဝါအဓိကစိုက်ပျိုးသည့် ဒေသများဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ထုတ်ပြန်သော စာရင်းဇယားများအရ ၂၀၀၉-၂၀၁၀ခုနှစ်တွင် အောက်ပါအတိုင်း စိုက်ပျိုးထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်-

| စဉ် | တိုင်း/ပြည်နယ် | စိုက်ဧက | ခန့်မှန်းအထွက် (ပိဿာ) |
|---|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၄၁၀၀၀ | ၆၃၄၆၅၄၀၀ |
| ၂ | မန္တလေးတိုင်းဒေသကြီး | ၂၆၆၈၀၀ | ၈၃၂၀၄၂၄၈ |
| ၃ | မကွေးတိုင်းဒေသကြီး | ၂၆၇၅၀၀ | ၁၂၉၇၃၇၅၀၀ |
| ၄ | ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) | ၂၁၃၁၂ | ၈၉၆၆၁၇၂ |
| ၅ | ရှမ်းပြည်နယ်(တောင်ပိုင်း) | ၂၀၈၈ | ၇၂၂၈၄၀ |
| ၆ | ဧရာဝတီတိုင်းဒေသကြီး | ၆၀၀ | ၂၅၉၆၈၈ |
| ၇ | ကချင်ပြည်နယ် | ၆၂ | ၁၅၅၀၀ |
| | စုစုပေါင်း | ၆၉၉၃၆၂ | ၂၈၆၇၃၁၃၂၈ |

ဝါစိုက်တောင်သူများအနေဖြင့် သဘာဝပေးအခြေအနေအပေါ် လုံးဝမှီခိုပြီး မိရိုးဖလာ စိုက်ပျိုးနည်းများကိုသာမက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဖြန့်ဝေပေးသည့် ငွေချည် (၆)ဝါ မျိုးကောင်းမျိုးသန့် မျိုးဝါစေ့ရယူခြင်း၊ စိုက်ပျိုးနည်းပညာ ပေးထားသည့်အတိုင်း မှန်ကန်စွာ ထွန်ယက်ခြင်း၊ နည်းစနစ်မှန်စွာ စိုက်ပျိုးခြင်း၊ ထိရောက်သော သွင်းအားစု (ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး) အသုံးပြုခြင်း၊ လိုအပ်ပါက မိမိတို့အစီအစဉ်ဖြင့် ရေသွင်းနိုင်အောင်စီမံခြင်းများဖြင့် ဝါ အထွက်နှုန်းမြင့်မား၍ ဝင်ငွေကောင်းစွာရရှိအောင် ဆောင်ရွက်သင့်ပေသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန အနေဖြင့် ဝါထွက်ရာသီတိုင်း တောင်သူများ စိုက်ပျိုးထွက်ရှိသည့် ဝါများအလွယ်တကူရောင်းချနိုင်ရန် ဝါစိုက်ပျိုးထွက်ရှိရာဒေသများတွင် အခြေပြုဝါဒိုင်များ၊ နယ်လှည့်ဝါဒိုင်များ၊ ဝါစက်ဒိုင်များ ဖွင့်လှစ်၍ ကျယ်ကျယ်ပြန့်ပြန့် ဝယ်ယူလျက်ရှိသည်။ နိုင်ငံတကာ စံချိန်စံညွှန်းအတိုင်း အရည်အသွေး စမ်းသပ်စစ်ဆေးပြီး အဆင့်အတန်းသုံးမျိုး ခွဲခြားဝယ်ယူလျက်ရှိသည်။ ဝါအဆင့်အတန်းကို ဝါ၏ ဂွမ်းမွေးအရှည်ကို တိုင်းတာ၍ ခွဲခြားသတ်မှတ်သည်။ ဝါဂွမ်းဈေးနှုန်းသတ်မှတ်ရာတွင် ဂွမ်းမွေးရှည်လေ ထုတ်လုပ်နိုင်သည့် အဝတ်အထည်အရည်အသွေး ပိုကောင်းလေဖြစ်၍ ဈေးကောင်းရလေဖြစ်သည်။ ဂွမ်းမွေးအရှည်ကိုတစ်လက်မတွင် ၃၂စိတ် စိတ်ထားသည့်ပေတံဖြင့် တိုင်းတာသည်။ဂွမ်းမွေးအရှည်အပေါ်မူတည်၍ ဝါအဆင့်အတန်းခွဲခြားမှုနှင့် ဝါအဆင့်အတန်းအလိုက် ထုတ်လုပ်နိုင်သည့် အဝတ်အထည်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ဂွမ်းမွေးအရှည် (၁/၃၂)လက်မ | ဝါအဆင့် အတန်း | ထုတ်လုပ်နိုင်သည့် အဝတ်အထည်များ | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ၃၆ နှင့်အထက် | 'အေ' | ချည်ချောပုဆိုး၊ပါတိတ်၊ | ချည်ချောအပါး |
| ၂။ | ၃၆ နှင့် ၃၄ အတွင်း | 'ဘီ' | ပေါ်ပလင်သင်္ကန်း၊ခန်းဆီးစ | ချည်ချောအထူ |
| ၃။ | ၃၄ နှင့် ၃၂ အတွင်း | 'စီ' | ချည်ကြမ်းလုံချည်၊ချည်စောင် | ချည်ကြမ်းထည် |



**ငွေချည်(၆) ဝါပင်များ**

အသီးအပွင့်များ ဝေဆာလျက်ရှိသော ငွေချည်(၆) ဝါပင်များကို တွေ့ရစဉ်။

အရည်အသွေးမှန်ကန်စေရန် ဝါစိုက်ပျိုးသူ၊ ဝါဝယ်ယူသူ၊ ဝါကြိတ်ခွဲထုတ်လုပ်သူ၊ ချည်မျှင်နှင့် အထည်ထုတ်လုပ်သူ၊ နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချသူ စသည့် အဆင့်ဆင့်တိုင်းက အဆင့်အလိုက် သတ်မှတ်ထားသည့် နည်းပညာ၊ နည်းစနစ်၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာကျင့်သုံး၍ အဆင့်အလိုက် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေး ကောင်းမွန်မှန်ကန်အောင် ကြိုးပမ်းဆောင်ရွက်ကြရပေမည်။

**သဘာဝမြေဩဇာ**

ဝါကိုကြိတ်ခွဲလျှင် ဝါဂွမ်း၊ ဝါစေ့၊ လင်တာဂွမ်း၊ ဝါစေ့ဆီကြည်၊ ဝါစေ့ဆီချေး၊ ဝါစေ့ကြိတ်ဖတ်၊ ဝါစေ့ခွံ၊ လင်တာဝါဂွမ်းအမှုန် (လင်တာချေး) စသည့် ပစ္စည်းများထွက်ရှိပြီး ဂွမ်းကို ချည်၊ အဝတ်အထည်၊ ဆေးဂွမ်း၊ ပတ်တီးများ ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများတွင်လည်းကောင်း၊ ဝါစေ့ကို စိုက်ပျိုးရေးတွင် မျိုးစေ့အဖြစ်နှင့် ဝါစေ့ဆီကြိတ်ရန် ကုန်ကြမ်းအဖြစ်လည်းကောင်း၊ ဝါစေ့ဆီကိုစားသုံးဆီ (အကြော်ခံဆီ)အဖြစ် လည်းကောင်း၊ ဝါစေ့ဆီချေးအား ဆပ်ပြာနှင့် အလှကုန်ပစ္စည်းပြုလုပ်ရာတွင်လည်းကောင်း၊ ဝါစေ့ကြိတ်ဖတ်နှင့် ဝါစေ့ခွံကို ပဲဖတ်၊ နှမ်းဖတ်ကဲ့သို့ တိရစ္ဆာန်အစားအစာအဖြစ်လည်းကောင်း၊ လင်တာဝါဂွမ်းကို အနွေးထည်၊ မွေ့ရာ၊ ဆိုဖာ စသည့် အိမ်သုံးပစ္စည်းများ ပြုလုပ်ရာတွင်လည်းကောင်း၊ လင်တာဝါဂွမ်းအမှုန် (လင်တာချေး)ကို သဘာဝမြေဩဇာအဖြစ်လည်းကောင်း အသုံးပြုကြသည်။

ဝါစိုက်ပျိုးဖြစ်ထွန်းအောင်မြင်ခြင်းဖြင့် သယ်ယူပို့ဆောင်ရေး၊ စက်မှုလက်မှုလုပ်ငန်း၊ ကုန်သွယ်ရေး၊ ကျန်းမာရေး၊ဘဏ္ဍာရေး၊ လူမှုရေး စသည့် ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေသည်သာမက တောင်သူတစ်ဦးချင်း ဝင်ငွေမြင့်မားလာပြီး နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးလာစေမည်ဖြစ်သည်။ ငွေချည်(၆)ဝါသည် ပြည်တွင်းပြည်ပ ဈေးကွက်တွင် ခိုင်မာသော ရောင်းကုန်ဖြစ်ပြီး နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုနေသည့် ငွေချည် (၆)ဝါကို အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးကြပါစို့ဟု ရေးသား တိုက်တွန်းလိုက်ရပါသည်။ ။

---

# မသန်စွမ်းသူများအတွက် ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၀**

မသန်စွမ်းသူများအတွက် ဟောပြောပွဲနှင့် တွေ့ဆုံပွဲကို စက်တင်ဘာ ၂၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး ပရဟိတ(ကျား)ကျောင်း (၆)ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်ရာ မသန်စွမ်းသူများနှင့် စိတ်ဝင်စားသူများ တက်ရောက်နိုင်ကြောင်းနှင့် မသန်စွမ်းအဖွဲ့အစည်းများနှင့် သင်တန်းကျောင်းများအတွက် မော်တော်ယာဉ်များ(ကြို/ပို့)လိုအပ်ပါက ဦးခင်မောင်ညွန့် ဖုန်း- ၅၆၀၉၉၆၊ ၀၉-၅၁-၆၅၁၇၇၊ ၀၉-၈၅-၃၇၇၅၂တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရသည်။

(၁၃၅)

---



# ဆွေးနွေးပို့ချ

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲ၏ မဲရုံမှူးများနှင့် ဒုတိယမဲရုံမှူးများ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်ဆင့်ပွားသင်တန်းကို စက်တင်ဘာ ၁၉ရက်က အထက(၂) တာမွေ၌ ကျင်းပရာ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက ဆွေးနွေးပို့ချစဉ်။

(ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ)

# ဖြေနှစ်ကြာ မန်ယူသမိုင်းနှင့် ဘာဘာတော့ဗ်၏ ဟက်ထရစ်

❖ မောင်မောင်မြင့်ဆွေ - ရေးသားသည် ❖

လန်ဒန် စက်တင်ဘာ ၂၀

**၂၀၁၀-၂၀၁၁ ဘောလုံးရာသီရဲ့ ပရီမီယာလိဂ်ပွဲစဉ် (၅)အဖြစ် မန်ယူနဲ့ လီဗာပူးတို့ စက်တင်ဘာ ၁၉ရက်က ယှဉ်ပြိုင်ကစားတဲ့အခါ မန်ယူက သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာမို့ စတန်ပီရာဆင် အဖိုးတန်သုံးမှတ်ကို ရရှိခဲ့ပါတယ်။ အဲဒီအဖိုးတန်သုံးမှတ်နဲ့အတူ မန်ယူတိုက်စစ်မှူး ဘာဘာတော့ဗ်က ဟက်ထရစ်သုံးဂိုးသွင်းယူနိုင်ခဲ့တာမို့ မန်ယူအတွက် ထူးခြားတဲ့ပွဲလည်း ဖြစ်ခဲ့ပါတယ်။**

မန်ယူနဲ့ လီဗာပူးတို့ အင်္ဂလန်ဘောလုံးသမိုင်း တစ်လျှောက်မှာ ထိပ်တိုက်ရင်ဆိုင် တွေ့ဆုံခဲ့တဲ့ ပွဲစဉ်တွေကိုကြည့်ရင် အခုလို လီဗာပူးအသင်းအပေါ် ဟက်ထရစ်ဂိုး မသွင်းယူနိုင်ခဲ့တာ နှစ်ပေါင်း ဖြေနှစ်တာကာလ ရှိခဲ့ပြီ ဖြစ်ပါတယ်။

### မသွင်းယူနိုင်

မန်ယူအသင်းအနေနဲ့ လီဗာပူးအသင်းကို ၁၉၄၆ ခုနှစ် စက်တင်ဘာက အိုးထရက်ဖို့ဒ်ကွင်းမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့အခါ ငါးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တဲ့ပွဲမှာ တိုက်စစ်မှူး စတန်ပီရာဆင်က သုံးဂိုးသွင်းယူပြီး ဟက်ထရစ်



**လီဗာပူးဂိုးထဲသို့ ဘာဘာတော့ဗ်၏ လှပသော ဂိုးသွင်းယူမှုကို ဤသို့ တွေ့ရသည်။**
(အင်တာနက်ဓာတ်ပုံ)

ရရှိခဲ့တာဟာ နောက်ဆုံးပွဲစဉ်ပါပဲ။ အဲဒီပွဲစဉ်နောက်ပိုင်းမှာ ဖြေနှစ်ကြာတဲ့အထိ မန်ယူတို့ အိုးထရက်ဖို့ဒ်ကွင်းမှာ လီဗာပူးအသင်းကို ဟက်ထရစ် မသွင်းယူနိုင်ခဲ့ပါဘူး။

အဲဒီဟက်ထရစ်ဂိုးသွင်းယူခဲ့တဲ့ မန်ယူတိုက်စစ်မှူး စတန်ပီရာဆင်ဟာ မန်ယူအတွက် ပွဲပေါင်း ၃၁၂ပွဲ ကစားပေးခဲ့ပြီး ဂိုးပေါင်း ၁၂၇ ဂိုး သွင်းယူနိုင်ခဲ့တဲ့သူ ဖြစ်ပါတယ်။ စတန်ပီရာဆင်ဟာ မန်ယူအသင်းအတွက် ၁၉၄၈ ခုနှစ်မှာ အက်ဖ်အေဖလားကို သူ့ရဲ့ သွင်းဂိုးနဲ့ အောင်ပွဲခံရယူပေးနိုင်ခဲ့သူလည်း ဖြစ်တာမို့ မန်ယူအသင်းရဲ့သမိုင်းမှာတော့ အကောင်းဆုံး တိုက်စစ်မှူးတစ်ဦးအဖြစ် မှတ်တမ်းတင်ခြင်း ခံထားခဲ့ရသူတစ်ဦးပါပဲ။

### ရောက်ရှိ

အခုဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ ဘာဘာတော့ဗ်ကတော့ ၂၀၀၈-၂၀၀၉ ဘောလုံးရာသီမှာ စပါးအသင်းကနေပြီး မန်ယူအသင်းကို ပြောင်းရွှေ့ကြေး ပေါင်သန်း ၃၀ နဲ့ ရောက်ရှိလာသူ ဖြစ်ပါတယ်။ ရောက်တဲ့နှစ်မှာပဲ မန်ယူအတွက် စုစုပေါင်း ၁၄ဂိုး သွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူးပါပဲ။

အသက် ၂၉ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဘာဘာတော့ဗ်ဟာ မန်ယူမှာ နံပါတ်-၉ ဂျာစီအင်္ကျီကို ဝတ်စားဆင်ကစားခဲ့ရပေမယ့် မျှော်မှန်းထားသလိုထက်မြက်တဲ့ တိုက်စစ်မှူးတစ်ဦးအသွင် မပေါ်လွင်ခဲ့တာမို့ ဖာဂူဆန်က အရန် တိုက်စစ်မှူးအဖြစ် အသုံးပြုခဲ့တာပါပဲ။ ဒါပေမယ့် ဘာဘာတော့ဗ်နဲ့ ပတ်သက်ပြီး ဝေဖန်မှုတွေကို နည်းပြ ဖာဂူဆန် ခေါင်းမာမာနဲ့ ပယ်ချခဲ့ပြီး အသင်းရဲ့ တိုက်စစ်မှူးအဖြစ် အသုံးပြုခဲ့တာပဲ ဖြစ်ပါတယ်။

ဘာဘာတော့ဗ်ဟာ မန်ယူကို စတင်ရောက်တဲ့ အချိန်ကနေပြီး အခုလီဗာပူးနဲ့ ကစားတဲ့ပွဲစဉ်အထိ စုစုပေါင်း ၃၄ဂိုး သွင်းယူပေးထားပြီး ဖြစ်ပါတယ်။ ဒါပေမယ့် သူ ပထမဆုံး စတင်ကစားခဲ့တဲ့ ဂျာမနီကလပ်အသင်းဖြစ်တဲ့ ဘေယာလေဗာကူဆင်အသင်းမှာ သွင်းယူခဲ့တဲ့ ဂိုးအရေအတွက်ကိုတော့ မမီသေးဘူးလို့ ဆိုပါတယ်။



**မန်ယူတိုက်စစ်မှူး ဘာဘာတော့ဗ်။**
(အင်တာနက်ဓာတ်ပုံ)

### ကြိုးစား

ဘွန်ဒက်စ်လီဂါကလပ် ဘေယာလေဗာကူဆင်အသင်းမှာ ၂၀၀၄-၂၀၀၅၊ ၂၀၀၅-၂၀၀၆ ဘောလုံးရာသီနှစ် ရာသီအတွင်းမှာ ဘာဘာတော့ဗ်ဟာ ဂိုးပေါင်း ၅၀အထိ သွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူးဖြစ်ခဲ့ပါတယ်။ အခု မန်ယူမှာ အဲဒီဂိုးသွင်းမှုစံချိန်ကို မရရှိသေးပါဘူး။ ဒါကြောင့် ဂိုးသွင်းစံချိန်မြှင့်တင်ဖို့ ဘာဘာတော့ဗ် ကြိုးစားမယ်လို့ ပြောကြားနေပါတယ်။

အခုအိုးထရက်ဖို့ဒ်ကွင်းမှာ လီဗာပူးအသင်းကို ဟက်ထရစ်သွင်းပြီး အနိုင်ယူခဲ့တဲ့ ဘာဘာတော့ဗ်ဟာ ဒီဘက်ခေတ် မန်ယူအားကစားသမား အကျော်အမော်တွေဖြစ်တဲ့ စီရိုနယ်ဒိုနဲ့ ရွန်နေတို့ မရရှိတဲ့ လီဗာပူးအပေါ် ဟက်ထရစ် ဂိုးသွင်းယူခဲ့တာမို့ ဖြေနှစ်ကြာ မန်ယူသမိုင်းမှာတော့ မှတ်တမ်းတင်နိုင်ခဲ့ပြီဖြစ်ပါကြောင်း။ ။

**(အင်တာနက်)**

# အကြိုတ်အနယ်ယှဉ်ပြိုင်ကြမည့် ကားလင်းပြိုင်ပွဲ စပါးနှင့် အာဆင်နယ်တို့ ထိပ်တိုက်တွေ့ကြပြီ

မြင့်မောင်စိုး - စုစည်းသည်

**လန်ဒန် စက်တင်ဘာ ၂၀**

ဘောလုံးချစ်သူများ **(ယနေ့)** စက်တင်ဘာ ၂၁ရက် ညပိုင်းမှာ စိတ်ဝင်တစားစောင့်ကြည့်ရမယ့်ပြိုင်ပွဲကတော့ ကားလင်းဖလား တတိယအဆင့် ပြိုင်ပွဲများ ဖြစ်ပါတယ်။ ကားလင်းဖလားပြိုင်ပွဲများကို စက်တင်ဘာ ၂၂ရက် ညပိုင်းမှာလည်း ဆက်လက်ယှဉ်ပြိုင်ကြမှာ ဖြစ်ပါတယ်။

စက်တင်ဘာ ၂၁ရက်မှာတော့ အဓိကပြိုင်ပွဲကြီးတွေအဖြစ် စပါးနဲ့ အာဆင်နယ်၊ စတုတ်စီးတီးနဲ့ ဖူလ်ဟမ်၊ ဆန်းဒါးလန်းနဲ့ ဝက်စ်ဟမ်းအသင်းတို့ရဲ့ ယှဉ်ပြိုင်မှုတွေ ဖြစ်ပါတယ်။

### တောင့်တင်း

အဓိကပြိုင်ပွဲကတော့ တော့တင်ဟမ်ဟော့စပါးနဲ့ အာဆင်နယ်ပြိုင်ပွဲပါ။ ဒီပြိုင်ပွဲမှာ စပါးက အိမ်ကွင်းကစားရမှာ ဖြစ်ပါတယ်။ စပါးနဲ့အာဆင်နယ်တို့ရဲ့ လက်ရှိခြေစွမ်းအရဆိုရင် ဒီပွဲမှာ စပါးက အနိုင်ရနိုင်ခြေ ပိုများပါလိမ့်မယ်။ တောင့်တင်းမှု အနေအထားမှာလည်း စပါးက အာဆင်နယ်ထက်ပိုပြီး တောင့်တင်းပါတယ်။

ဆန်းဒါးလန်းနဲ့ ဝက်စ်ဟမ်းပွဲမှာတော့ ဆန်းဒါးလန်းက အိမ်ရှင်အဖြစ်လက်ခံကစားရမှာဖြစ်ပါတယ်။ ဒီပွဲမှာ ဆန်းဒါးလန်းက ဝက်စ်ဟမ်းထက် တိုက်စစ် ပိုကောင်းနေတာကြောင့် ပွတ်ကာသီကာ အနိုင်ရသွားနိုင်မယ်လို့ ခန့်မှန်းရပါတယ်။

### မနည်းပိတ်ဆို့

စတုတ်နဲ့ ဖူလ်ဟမ်ပွဲမှာလည်း စတုတ်အသင်းက လက်ရှိခြေစွမ်းအရ အသာရနိုင်ပါတယ်။ ဖူလ်ဟမ်အသင်းရဲ့ နောက်တန်းကစားသမားတွေဟာ စတုတ်တိုက်စစ်မှူးတွေရဲ့ ဂိုးပေါက်ဖန်တီးမှုကို မနည်းပိတ်ဆို့ထားရပါလိမ့်မယ်။



**စပါးအသင်းမှ ဗန်ဒါဗတ် ဝုလ်ဖ်အသင်းနှင့် ကစားသည့်ပွဲတွင် ပယ်နယ်တီကန်သွင်းယူမှုကို ဤသို့ တွေ့ရသည်။**
(အင်တာနက်ဓာတ်ပုံ)

စက်တင်ဘာ ၂၂ ရက်မှာတော့ ပရီမီယာလိဂ်မှာ ငါးပွဲဆက်တိုက် အနိုင်ရထားတဲ့ ချယ်လ်ဆီးနဲ့ နယူးကာဆယ်အသင်းတို့ ကစားရမှာဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းဟာ ယခုနှစ်ရာသီမှာ ချန်ပီယံလိဂ်မှာရော ပရီမီယာလိဂ်မှာပါ နိုင်ပွဲတွေရနေတဲ့ အသင်းဖြစ်ပါတယ်။ တစ်သင်းလုံး စည်းလုံးညီညွတ်မှုအရှိဆုံး အသင်းလည်းဖြစ်နေတာကြောင့် ဒီပွဲမှာလည်း ချယ်လ်ဆီးတို့ပဲ ဂိုးပြတ်သွင်းပြီး အောင်ပွဲခံလိမ့်ဦးမယ်လို့ ခန့်မှန်းရပါတယ်။

### အနေအထားရှိ

အက်စ်တွန်ဗီလာနဲ့ ဘလက်ဘန်းတို့ယှဉ်ပြိုင်ကစားမယ့် ပွဲကတော့ ခြေရည်တူ အနေအထားရှိပါတယ်။ ဘလက်ဘန်းက အဝေးကွင်းကစားရပေမယ့် အက်စ်တွန်ဗီလာကို အနိုင်ကစားမယ့် အနေအထားရှိပါတယ်။

မန်ယူကတော့ စတွန်တော်ပီယူနိုက်တက်ဆိုတဲ့ အသင်းနဲ့ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ မန်ယူက အဝေးကွင်းကစားရမယ်ဆိုပေမယ့် ဒီပွဲဟာ မန်ယူအတွက် အနိုင်ကစားနိုင်မယ့် ပွဲဖြစ်ပါလိမ့်မယ်။ အထူးသဖြင့် ဟက်ထရစ်ဂိုးရှင် ဘာဘာတော့ဗ်၊ ရွန်နေစတဲ့ တိုက်စစ်မှူးတွေကလည်း ဂိုးသွင်းဖို့ အသင့်ဖြစ်နေကြပါတယ်။



**ဘလက်ပူးလ်အသင်းဘက်သို့ ဂိုးသွင်းပြီးနောက် ချယ်လ်ဆီးမှ ကာလူးနှင့် မာလူဒါတို့ ဤသို့ အောင်ပွဲခံခဲ့ကြသည်။**
(အင်တာနက်ဓာတ်ပုံ)

### အားခဲ

မန်စီးတီးကတော့ ဝက်စ်ဘရွန်းနဲ့ ကစားရမှာဖြစ်ပါတယ်။ မန်စီးတီးရဲ့ အကျော်အမော်တိုက်စစ်မှူးတွေက ဝက်စ်ဘရွန်းအိမ်ကွင်းမှာ အနိုင်ရဖို့ အားခဲထားကြပါတယ်။ ဒါကြောင့်မို့ ဒီတစ်ပတ်ရဲ့ အကောင်းဆုံး ကားလင်းပြိုင်ပွဲများအကြောင်းကို တင်ပြလိုက်ရပါတယ်။ ။

**ကိုးကား-အင်တာနက်**

ကောင်းမြတ်သူ ➤ စုစည်းသည်

# တိုက်စစ်မှူး မက်ဆီ နှစ်ပတ်ကြာ အနားယူရဖွယ်ရှိ

**မက်ဒရစ် စက်တင်ဘာ ၂၀**

ဘာစီလိုနာ တိုက်စစ်မှူး မက်ဆီသည် ဘာစီလိုနာအသင်းနှင့် အက်သလက်တီကို မက်ဒရစ်တို့ စပိန်လာလီဂါပွဲအဖြစ် စက်တင်ဘာ ၁၉ရက်က ယှဉ်ပြိုင်ကစားခဲ့ရာတွင် ခြေမျက်စိ အနာတရဖြစ်သွား၍ အနည်းဆုံး နှစ်ပတ်ကြာ အနားယူရဖွယ်ရှိသည်။

### ထွက်သွား

ယင်းပွဲတွင် ဘာစီလိုနာအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီသည် အက်သလက်တီကို နောက်တန်း ကစားသမား သောမတ်ယူဖောလက်၏ ကြမ်းတမ်းစွာ ကစားမှုကြောင့် ဒုတိယပိုင်းတွင် ကွင်းထဲမှ ထမ်းစင်ဖြင့် ထွက်သွားခဲ့ရသည်။ **(အင်တာနက်)**

# ဩစတြီးယားတင်းနစ်မယ် ဆုကြေးငွေ ဒေါ်လာ ၂၂၀၀၀၀ရရှိ



ကွိဘက်စီးတီး စက်တင်ဘာ ၂၀

**ဩစတြီးယားတင်းနစ်မယ် တာမီရာ ပက်ဇက်ခ်** (ဝဲပုံ)**သည် ဩစတြီးယားနိုင်ငံ ကွိဘက်စီးတီး၌ ယှဉ်ပြိုင်ကစားသည့် ဘဲလ်ချဲယ်လင်း တင်းနစ်ပြိုင်ပွဲတွင် အမေရိကန်မှ ဘက်သနင်းမာသက်ဆန်းကို အနိုင်ရပြီး ဒုတိယအကြိမ်မြောက် ဒဗလျူတီအေဖလား ဆွတ်ခူးနိုင်ခဲ့သည်။**

**ပက်ဇက်ခ်သည် ယင်းပြိုင်ပွဲတွင်အနိုင်ရလိုက်သဖြင့် ဆုကြေးငွေ အမေရိကန်ဒေါ်လာ၂၂၀၀၀၀ ဆွတ်ခူးရရှိသွားသည်။ ၎င်းသည် ၂၀၀၆ခုနှစ်က အသက် ၁၅နှစ်အရွယ်တွင် ဒဗလျူတီအေဖလား ဆွတ်ခူးနိုင်ခဲ့သည်။ ထိုစဉ်က သူမသည် ဆုကြေးငွေ အမေရိကန် ဒေါ်လာ ၃၇၀၀၀သာ ရခဲ့သည်။**

**အမေရိကန်တင်းနစ်မယ် မာသက်ဆန်းအနေဖြင့် အကြိုဗိုလ်လုပွဲတွင် ချက်တင်းနစ်မယ်အား အနိုင်ကစားနိုင်သည့်အတွက် ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၁၉၀၀၀ ရရှိခဲ့သည်။** **(အင်တာနက်)**

# မန်စီးတီးဂိုးသမားရှေးဂစ်ဗင်း အသင်းမှ ထွက်ခွာနိုင်ဟုဆို



လန်ဒန် စက်တင်ဘာ ၂၀

**မန်စီးတီးဂိုးသမား ရှေးဂစ်ဗင်းအား ဇန်နဝါရီလ အပြောင်းအရွှေ့ ရာသီတွင် အသင်းမှ ထွက်ခွာခွင့်ပေးမည်ဖြစ်ကြောင်း နည်းပြ မန်စီနီက ပြောကြားလိုက်သည်။**

**မန်စီးတီး နံပါတ်တစ် ဂိုးသမား ရှေးဂစ်ဗင်း** (ယာပုံ)**သည် ယခုနှစ် ဘောလုံးရာသီတွင် ဂျိုးဟတ် လက်စွမ်းပြ ကစားလာ၍ ပုံမှန်ကစားခွင့်မရဘဲ ဖြစ်နေသည်။**

**ဂိုးသမား ရှေးဂစ်ဗင်းအနေဖြင့် မန်စီးတီးတွင် ဆက်လက်ကစားလိုပါက ကစားနိုင်ကြောင်း၊ ဆန္ဒမရှိပါက အသင်းမှ ထွက်ခွင့်ပေးကြောင်း နည်းပြမန်စီနီက ပြောကြားသည်။** (အင်တာနက်)

# ဒေးဗစ်ဖလား တင်းနစ်ဗိုလ်လုပွဲ ဆားဘီးယားနှင့် ပြင်သစ်ကစားမည်



**ဘဲဂရိတ် စက်တင်ဘာ ၂၀**

ဆားဘီးယား အမျိုးသား တင်းနစ်အသင်းသည် ချက်အမျိုးသား တင်းနစ်အသင်းကို သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရပြီး ဒေးဗစ်ဖလား ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ ဆားဘီးယားအသင်းတွင် တစ်ဆာရီဗစ် **(အပေါ်ယာပုံ)** က ဦးဆောင်ကစားခဲ့သည်။ အလားတူ ပြင်သစ်အသင်းကလည်း အာဂျင်တီးနားအမျိုးသား တင်းနစ်အသင်းကို ငါးပွဲပြတ်ဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဆားဘီးယားအသင်းသည် ပထမဆုံး ဒေးဗစ်ဖလား ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ဆားဘီးယား အမျိုးသားအသင်းနှင့် ပြင်သစ်အမျိုးသားအသင်းတို့သည် ဒီဇင်ဘာလတွင် ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(အင်တာနက်)**



## မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ

## မြို့တော်ဝန် ဦးဖုန်းဇော်ဟန် တက်ရောက်စိုက်ပျိုးပေး

**မန္တလေး စက်တင်ဘာ ၁၉**

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ မန္တလေးတိုင်းဒေသကြီး စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ (စည်ပင်သာယာနယ်မြေ)၏ အဋ္ဌမအကြိမ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲအခမ်းအနားကို စက်တင်ဘာ ၅ရက် ညနေ ၄ နာရီက ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကျီကုန်းရပ်ကွက် လောကမာရဇိန်စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း၌ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန် တက်ရောက်ပြီး ခရေပင် စိုက်ပျိုးပေးသည်။ **(ဝဲပုံ)**

**နေရာယူ**

ရှေးဦးစွာ ဗဟိုစည်းရုံးရေးကော်မတီဝင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်နှင့် အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တက်ရောက်လာကြသူများသည် သစ်ပင်စိုက်ပျိုးမည့် သတ်မှတ်နေရာ အသီးသီးတို့တွင် နေရာယူကြသည်။

ဆက်လက်၍ ဗဟိုစည်းရုံးရေးကော်မတီဝင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်က အရိပ်ရ ခရေပင်အား စိုက်ပျိုးပေးသည်။

**စိုက်ပျိုးပေး**

ယင်းနောက် မန္တလေးတိုင်းဒေသကြီး စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ (စည်ပင်သာယာနယ်မြေ) ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တိုင်းဒေသကြီး စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အလိုက် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အရန်အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက အရိပ်ရပင်မျိုးစုံတို့ကို စိုက်ပျိုးပေးကြသည်။

ထိုနေ့က ကျင်းပသော မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ မန္တလေးတိုင်းဒေသကြီး (စည်ပင်သာယာနယ်မြေ) အဋ္ဌမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ခရေ၊ စိန်ပန်း၊ ရေတမာနှင့် ကုက္ကိုစသည့် အရိပ်ရပင်မျိုးစုံ ၁၀၀၀ကျော်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(၃၁၃)**

## ဗီဒီယိုလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲ

## သံဖြူဇရပ်မြို့နယ်၌ ကျင်းပ

**သံဖြူဇရပ် စက်တင်ဘာ ၁၆**

မွန်ပြည်နယ် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီနှင့် ဗီဒီယိုလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို စက်တင်ဘာ ၁၃ရက် နံနက် ၁၀နာရီက သံဖြူဇရပ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်က အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ မွန်ပြည်နယ် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်လမြိုင်လုပ်ငန်းစုရုံးမှ ဌာနခွဲမှူး (တာဝန်ခံ) ဦးစိုးမင်းအောင်က ဗီဒီယိုလုပ်ငန်းပိုင်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံး၊ လုပ်နည်း ညွှန်ကြားချက်များကို အသေးစိတ်ရှင်းလင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်အုန်းက ဗီဒီယို အခြေခံအဖွဲ့၏ လုပ်ငန်းပိုင်းဆိုင်ရာများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး အစီအစဉ်ရ လုပ်ငန်းရှင်များက ဗီဒီယိုလုပ်ငန်း ပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

**ကျင်းပ**

အလားတူ မွန်ပြည်နယ်အတွင်းရှိ မြို့နယ်ဗီဒီယိုလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲများကို ကွင်းဆင်း၍ကျင်းပရာ စက်တင်ဘာ ၁၁ရက်က ရေးမြို့နယ်၌ လည်းကောင်း၊ ၁၂ရက်တွင် လမိုင်းမြို့၌ လည်းကောင်း ကျင်းပပြီးစီးခဲ့သည်။ **(၀၁၄)**



## မြို့ပြလမ်းကတ္တရာခင်းခြင်းလုပ်ငန်း

## နောင်ချိုမြို့နယ်၌ ဆောင်ရွက်

**နောင်ချို စက်တင်ဘာ ၁၆**

နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့်ဈေးရပ်ကွက် သဇင်မြို့ပြလမ်းကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ရာ သို့ စက်တင်ဘာ ၃ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမင်းထွဋ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်တို့ ကွင်းဆင်းကြီးကြပ်ရာ တာဝန်ခံအင်ဂျင်နီယာ ဦးရဲထွန်းက လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ **(အောက်ပုံ)**

အဆိုပါလမ်းမှာ အရှည် ပေ ၂၆၀၊ အကျယ် ၁၂ ပေရှိ ကတ္တရာလမ်း အမျိုးအစား ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**



**တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိုင်းကိုးကျေးရွာအုပ်စု မိုင်းဟိ-မယ်ဖုံးလုံ ကျေးလက်လမ်းကျောက်ချောခင်းခြင်းလုပ်ငန်းကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချိုနှင့်အဖွဲ့ ဩဂုတ် ၇ ရက်က ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းလော်ဝ်ခမ်းက ရှင်းလင်းတင်ပြစဉ်။** (၀၁၆)



## မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ

## မရမ်းကုန်းမြို့နယ် အထက(၂)၌ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့နှင့် မူးယစ်အထူးအဖွဲ့တို့မှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၇ရက် နံနက် ၉နာရီက မရမ်းကုန်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပရာ အခမ်းအနားမှူးအဖြစ် ဘုရင့်နောင်ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်ဝင်းနိုင်က ဆောင်ရွက်သည်။

**ဟောပြော**

ထို့နောက် မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်ဝင်း **(အောက်ပုံ)**၊ မြို့နယ်တွဲဖက်တရားသူကြီး ဦးမြင့်စိုး၊ မြို့နယ်ဒုတိယဥပဒေအရာရှိ ဦးစံလှိုင်၊ ရန်ကုန်အနောက်ပိုင်းခရိုင် မူးယစ်အထူးအဖွဲ့ ရဲအုပ်မျိုးကြည်တို့က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဥပဒေပြဋ္ဌာန်းချက်များဖြင့် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **(၁၁၁)**



## ခြင်ဆေးဖျန်း

စက်တင်ဘာ ၁၆ရက်က နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို အထက(၁)ကျောင်း၌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများဖြင့် ပူးပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)



## မြို့နယ်သတင်းထွေထွေ

## မဲရုံမှူးများ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်

**ဟားခါး စက်တင်ဘာ ၁၇**

ချင်းပြည်နယ် ဟားခါးမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ဦးဆောင်၍ ဟားခါးမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း(၄/၂၀၁၀) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁ရက် နံနက် ၉နာရီက အထက(၁) ဗိုလ်တိုက်ချွန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ပြည်နယ်ဥပဒေအရာရှိ ဦးခွားထီးယိုးက အဖွင့်အမှာစကားပြောကြားပြီးနောက် တာဝန်ရှိသူများက မဲရုံအဖွဲ့ဝင်များ လုပ်ငန်းညွှန်ကြားချက်များကို ရှင်းလင်းဆွေးနွေးပို့ချပေးကြပြီး မဲရုံတည်ဆောက်ပုံနှင့် မဲပေးပုံနည်းစနစ်များကို လက်တွေ့သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်ပေးခဲ့သည်။

**တက်ရောက်**

သင်တန်းသို့ ဟားခါးမြို့ ရပ်ကွက်ခြောက်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၀တို့မှ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ စုစုပေါင်း ၁၄၀ တက်ရောက်ကြ ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# အခြေခံကွန်ပျူတာ သင်တန်းဖွင့်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၀

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန (ပညာရေးကောလိပ်များ) ပူးပေါင်း၍ Basic Computer Training for Trainers သင်တန်းဖွင့်ပွဲနှင့် ကွန်ပျူတာများလှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၁၄ရက် နံနက်ပိုင်းက မန္တလေး ပညာရေးကောလိပ်ခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပညာရေးကောလိပ်များမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

### ပေးအပ်လှူဒါန်း

ရှေးဦးစွာ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားသည်။ ထို့နောက်အလှူရှင်များက အလှူငွေများ၊ ကွန်ပျူတာများနှင့် ဆက်စပ်ပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူတစ်ဦးက လက်ခံယူသည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးသည် ကွန်ပျူတာ သင်တန်းဖွင့်လှစ်မည့် စာသင်ခန်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

### အမှာစကားပြောကြား

ဆက်လက်၍ တိုင်းမှူးသည် ပုသိမ်ကြီးမြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးထားရှိမှုနှင့် ဝက်မွေးမြူရေးခြံ(ထုံးဘို)တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပုသိမ်ကြီးမြို့နယ်ရှိ နယ်မြေခံတပ်ရင်းသို့ရောက်ရှိကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့နောက် တပ်ရင်း မိသားစုများအား ချီးမြှင့်ငွေများပေးအပ်ကာ အရာရှိစစ်သည်နှင့် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ငွေချည်(၆) ချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ရွှေဘိုတွင် ပညာပေးဆွေးနွေး

ရွှေဘို စက်တင်ဘာ ၁၉

ငွေချည်(၆) ချည်မျှင်ရှည်ဝါစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၂၇ရက် နံနက် ၉နာရီက ရွှေဘိုခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဦးလှဦးက အမှာစကားပြောကြားပြီး အထွေထွေမန်နေဂျာ (တိုးချဲ့/စိုက်) ဦးမြင့်ဆွေက သီးနှံအထွက်တိုးရေး နည်းလမ်းငါးသွယ်ဖြင့် တစ်ဧက ဝါပိဿာ ၁၀၀၀ကျော် ထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ စနစ်တကျရွေးချယ်စိုက်ပျိုးကြရန်၊ ပြောင်းလဲနေသော ရာသီဥတုနှင့်ချိန်ကိုက်၍ ဝါစိုက်ပျိုးကြရန် ဝါစိုက်တောင်သူများအား နည်းပညာပေး ဆွေးနွေးမှုများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားရန် ရှင်းလင်းဆွေးနွေးသည်။**(အပေါ်ပုံ)**

ဆက်လက်၍ ဝါနှင့်ပိုးချည်လုပ်ငန်းဌာနမှ တာဝန်ရှိသူများက မြို့နယ်မန်နေဂျာများနှင့် ကွင်းတာဝန်ခံများအား ငွေချည်(၆) ချည်မျှင်ရှည်ဝါစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရေး ပညာပေးဆွေးနွေးခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**




ထီးချိုင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ဂေါက်ကွင်းလမ်း ကျောက်ချောလမ်းခင်းနေမှုကို မြို့နယ်ဥက္ကဋ္ဌ ဦးတင်ညွန့်နှင့် အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင်တို့ စက်တင်ဘာ ၁၅ရက်က ကွင်းဆင်းကြီးကြပ်ရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဗိုလ်မင်း ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)



## ပေးအပ်လှူဒါန်း

စက်တင်ဘာ ၁၄ရက်က ရန်ကုန်မြို့ သုဝဏ္ဏမြို့နယ် (၂၅)ရပ်ကွက် ဇေယျာသုခလမ်းနေ ဗိုလ်မှူးကြီး သူရမောင်ကို(ငြိမ်း)- ဒေါ်စောခင် (အထက်တန်းပြ ဆရာမ-ငြိမ်း) မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရ ဆေးပဒေသာပင် အလှူငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံယူစဉ်။ (သတင်းစဉ်)

# သံတွဲမြို့နယ် ရွှေကျောင်းပြင်ကျေးရွာ၌ လူငယ်အားမာန် စာကြည့်တိုက်ဖွင့်

သံတွဲ စက်တင်ဘာ ၁၉

သံတွဲမြို့နယ် ရွှေကျောင်းပြင်ကျေးရွာ လူငယ်အားမာန်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၈ရက် နံနက် ၈နာရီက ရွှေကျောင်းပြင်ကျေးရွာရှိ လူငယ်အားမာန် စာကြည့်တိုက်၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်က အမှာစကားပြောကြားသည်။ ထို့နောက် ရခိုင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြိုင်က ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။**(အောက်ဝဲပုံ)** ထို့နောက် မြို့နယ်ပညာရေးမှူး(အငြိမ်းစား) ဆရာကြီး ဦးကျန်အောင်က လူငယ်အားမာန်စာကြည့်တိုက် သမိုင်းကြောင်းကို ရှင်းလင်းတင်ပြသည်။

### ပေးအပ်လှူဒါန်း

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်၊ ရခိုင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြိုင်၊ ခရိုင်ဦးစီးအရာရှိ ဒေါ်ခင်မိမိ၊ မြို့နယ်ဦးစီးမှူး ဦးအေးလင်း၊ သံတွဲမြို့မှ စာပေဝါသနာရှင်များကိုယ်စား မောင်ကြည်ခိုင်(သံတွဲ) နှင့် အောင်ပြည့်လင်း (ဒွါရာမြေ)တို့က ရွှေကျောင်းပြင်ကျေးရွာ လူငယ်အားမာန် စာကြည့်တိုက်သို့ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးမျိုးမင်းအောင်နှင့် စာကြည့်တိုက်ကော်မတီဝင်များ လက်ခံယူကြသည်။

**(ခရိုင် ပြန်/ဆက်)**

## မြို့နယ်သတင်း ထွေတလာ

# ကျွန်းလှမြို့နယ် စာသင်ကျောင်းများ၌ ခြင်ဆေးဖျန်း

ကျွန်းလှ စက်တင်ဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မိုးရာသီ သွေးလွန်တုပ်ကွေးရောဂါများ မဖြစ်ပွားစေရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအဖြစ် ကျွန်းလှမြို့ပေါ်ရှိ အထက(၁) ကျောင်း၊ အလက(၁)ကျောင်း၊ အမက(၃)ကျောင်း၊ မူကြိုကျောင်းနှစ်ကျောင်းတို့တွင် စာသင်ခန်းများအတွင်း ခြင်ဆေးဖျန်းစက်ဖြင့် ဆေးဖျန်းခြင်းကို ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးကျော်ကျော် ကြပ်မတ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**

# ဂန့်ဂေါခရိုင်၌ စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေး ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၀

ဂန့်ဂေါခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဂန့်ဂေါမြို့နယ် ဟံသာဝတီကျေးရွာ စာကြည့်တိုက် ကြီးကြပ်မှုကော်မတီတို့၏ စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေး ဆွေးနွေးပွဲကို စက်တင်ဘာ ၁၄ရက်က ဟံသာဝတီကျေးရွာ ပညာလင်းပြင်စာကြည့်တိုက်၌ ကျင်းပသည်။

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ ကျေးရွာစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးသိန်းထွန်းက စာအုပ်စာစောင်များ တိုးပွားလာမှု၊ ငွေပဒေသာပင်စိုက်ထူထားရှိမှုနှင့် စာပေဖတ်ရှုလေ့လာမှုတို့ကို ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းဆွေးနွေး

ထို့နောက် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ဆောင်က စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် စာကြည့်တိုက်တွင် စာအုပ်စာစောင်များထားရှိမှု စနစ်တို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ရေဦး စည်ပင် ကတ္တရာခင်းရန် ကျောက်စုဆောင်း

ရေဦး စက်တင်ဘာ ၁၉

ရေဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန်လျာထားသည့် မင်းရဲကျော်စွာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းအတွက် လမ်းခင်းကျောက်များ စုဆောင်းထားရှိမှုကို စက်တင်ဘာ ၁၃ရက်က အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦး ကြီးကြပ်စစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဒေါ်တင်မာမြင့်က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

# မိတ္ထီလာမြို့နယ် ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်စာစောင်များလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၀

မိတ္ထီလာမြို့နယ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် သုတ၊ ရသ စာအုပ်စာစောင်များနှင့် ဂျာနယ်များပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၇ရက် နံနက် ၁၁နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမ၌ကျင်းပရာ ကျေးရွာစာကြည့်တိုက်များအတွက် ဦးရွှေဇင်လတ်၊ ဒေါ်စိန်စိန် မိသားစုက သုတ၊ ရသစာအုပ်မျိုးစုံ အုပ်ရေ ၂၀၀၊ ဦးသိန်းဟန် (လက်ထောက်ညွှန်ကြားရေးမှူး၊ ကညန)က ဂျာနယ်မျိုးစုံစောင်ရေ ၁၀၀နှင့် ဦးအောင်တင်(သာစည်မြို့နယ်သတင်းထောက်)က လစဉ်ထုတ် မြပန်းရဂုံဘာသာရေးမဂ္ဂဇင်းစာအုပ် ၁၂အုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးမောင်မောင်က လက်ခံယူသည်။ အဆိုပါ စာအုပ်စာစောင်လှူဒါန်းပွဲတွင် အလှူရှင်များ စုပေါင်းလှူဒါန်းသော သုတ၊ ရသစာအုပ်စာစောင်များနှင့် ဂျာနယ်များ ၃၁၂အုပ်၏ စုစုပေါင်းတန်ဖိုးမှာ ငွေကျပ်၆၅၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့်(စီ)ပိုး ကာကွယ်ရေးနှိုးဆော်ချက်

အသည်းရောင် အသားဝါရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင် အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုးများလည်း ပါဝင်သည်။ (ဘီ) နှင့် (စီ)ဗိုင်းရပ်(စ်)ပိုး များသည် တစ်ဦးနှင့်တစ်ဦး သွေးနှင့် ကိုယ်တွင်းအရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ အသည်းရောင် အသားဝါဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာ ဖြစ်ခြင်းကြောင့် သေဆုံးသည်အထိ အန္တရာယ်ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့်(စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်အတွက်-

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံ စသည်တို့ကို သီးခြားအသုံးမပြုလျှင် ကူးစက်တတ်သည်ကို သတိပြုပါ။

(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။

(ဂ) အပ်စိုက်၊ ဆေးထိုးဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံးအပ်များကိုသာ အသုံးပြုပါ။

(ဃ) သွေးမှတစ်ဆင့်ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သော သွေးရရှိရန် ဆောင်ရွက်ပါ။

(င) ရောဂါကာကွယ်ကုသရန်အတွက် နီးစပ်ရာ ကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

# ချင်းပြည်နယ်ဥက္ကဋ္ဌ ဦးဟုန်းငိုင်း စုပေါင်းမြေသြဇာကြဲပက်ပွဲ အခမ်းအနားတက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၀**

ချင်းပြည်နယ် ဟားခါးမြို့ မိုးစပါးစုပေါင်းမြေသြဇာကြဲပက်ပွဲ အခမ်းအနားကို စက်တင်ဘာ ၄ရက် နံနက်ပိုင်းက သီမစ်ဒေသ၌ကျင်းပရာ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟုန်းငိုင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ရှေးဦးစွာ တောင်သူများက မြေသြဇာများကို စုပေါင်းကြဲပက်ကြပြီး ပြည်နယ်ဥက္ကဋ္ဌက တောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ပခုက္ကူမြို့၌ မိုးစပါးထွန်တုံးပိတ်ပွဲကျင်းပ

ပခုက္ကူ စက်တင်ဘာ ၁၉

**မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ရွှေတန့်တစ် လျှပ်စစ်မြစ်ရေတင်ဒေသ မိုးစပါးထွန်တုံးပိတ်ပွဲကို စက်တင်ဘာ ၁၇ ရက် နံနက် ၈ နာရီက ကွင်းအမှတ် ၃၁၄၊ ဦးပိုင်အမှတ်-၃၇/၄ တောင်သူ ဦးကျော်လှိုင်၏လယ်မြေ၌ ကျင်းပသည်။** (အပေါ်ပုံ)

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွင်ကိုဦးက ၂၀၁၀ ခုနှစ် လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှုနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးလှမြင့်က စိုက်ပျိုးနည်းပညာများကို ရှင်းလင်း ပြောကြားသည်။

အခမ်းအနားသို့ ခရိုင်နှင့်မြို့နယ် စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုဥက္ကဋ္ဌဦးမောင်နိုင်နှင့် အဖွဲ့ဝင်များ၊တောင်သူဦးကြီးများနှင့် ကျေးရွာပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(ဝ၇ဝ)**

## ကျောက်စုဆောင်း

**ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွက် ဆေးရုံလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် ကျောက်များစုဆောင်းထားရှိမှုကို စက်တင်ဘာ ၁၀ရက်က အမှုဆောင်အရာရှိ ဦးကိုကိုနိုင် ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းမြင့်အောင် ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

# တာချီလိတ်တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်း သင်တန်းဖွင့်

**တာချီလိတ် စက်တင်ဘာ ၁၅**

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ် (၅၆/၂၀၁၀)နှင့် အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ် (၂၆/၂၀၁၀) တို့၏ သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၀ရက် နံနက် ၈နာရီခွဲက အဆိုပါ သင်တန်းကျောင်း၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ခင်မောင်စိုး၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် သင်တန်းသူများ တက်ရောက်ကြပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ခင်မောင်စိုးက သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **(အိမ်တွင်းမှု)**



# ဗီဒီယိုလုပ်ငန်းရှင်များအား ပညာပေးဟောပြောပွဲ ပေါင်မြို့နယ်၌ ကျင်းပ

**ပေါင် စက်တင်ဘာ ၁၅**

ပေါင်မြို့နယ် ဗီဒီယိုအခြေခံအဖွဲ့က ကြီးမှူးကျင်းပသော မြို့နယ်အတွင်းရှိ ဗီဒီယိုလုပ်ငန်းရှင်များအား ပညာပေးဟောပြောပွဲ၊ ဖျော်ဖြေရေးလိုင်စင်အသစ်နှင့် သက်တမ်းတိုးဆောင်ရွက်ခြင်းအခမ်းအနားကို စက်တင်ဘာ၄ရက် နံနက်၉နာရီက ပေါင်မြို့ မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပေါင်မြို့နယ် ဥက္ကဋ္ဌ ဦးမြတ်အောင်ဌေး **(ယာပုံ)**နှင့် ပြည်နယ် ဗီဒီယိုအခြေခံအဖွဲ့ အတွင်းရေးမှူး ဦးစိုးမင်းအောင်တို့က အမှာစကားပြောကြားသည်။

**ရှင်းလင်း**

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသက်လွင်က ဗီဒီယိုလုပ်ငန်းရှင်များအား ဗီဒီယိုလုပ်ထုံးလုပ်နည်းနှင့်အညီ လိုက်နာလုပ်ကိုင်ဆောင်ရွက်သွားကြရန် ရှင်းလင်း ဆွေးနွေးတင်ပြပြီး ပေါင်မြို့နယ်အတွင်းမှ ဗီဒီယိုလုပ်ငန်းရှင်များ ပြန်လည်ဆွေးနွေးတင်ပြချက်များကို မွန်ပြည်နယ် ဗီဒီယိုအခြေခံအဖွဲ့နှင့် ပေါင်မြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ ဥက္ကဋ္ဌ ဦးဘစိုးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့ကြသည်။

**ဆောင်ရွက်**

ဆက်လက်၍ မြို့နယ်အတွင်း ဖျော်ဖြေရေးလုပ်ငန်းလိုင်စင်နှင့် ဗီဒီယိုသက်တမ်းတိုးခြင်း လုပ်ငန်းများကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **(၁၇၆)**



# တပ်ကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၀**

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် မြဝတီရပ်ကွက် မြတ်ဘုန်းစာကြည့်တိုက်တွင် စက်တင်ဘာ ၁၂ရက် နံနက်၁၁နာရီက တပ်ကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ လပတ် ပုံမှန်အစည်းအဝေးကျင်းပရာ အစည်းအဝေးတွင် အတွင်းရေးမှူး ဦးသိန်းဝင်းမြင့် (မြကျောက်အေးချမ်း)က ပဋ္ဌမအကြိမ် စာပေညီလာခံ၏ အစီရင်ခံစာများကို ထပ်ဆင့်ရှင်းလင်းပြောကြားခြင်း၊ အလုပ်အမှုဆောင် ဦးမျိုးမြင့် (မျိုးမြင့်-မြန်မာစာ)က ပညာရေးဌာနနှင့် ကျန်းမာရေးဌာန ဟောပြောပွဲများတွင် လိုက်ပါဟောပြောခြင်း၊ အလုပ်အမှုဆောင် ဦးမောင်မောင်ကြီး(ပေတိုး-ရွှေမြို့)က ဆုံးဖြတ်ချက်(၄)ရပ်၊ အတည်ပြုချက်(၃)ရပ်၊ မှတ်တမ်းတင်ခြင်း(၅)ရပ်တို့ကို ရှင်းလင်းပြောကြားကြသည်။

**လက်ခံယူ**

ထို့နောက် ဥက္ကဋ္ဌ ဦးမောင်သန်း(မောင်သက်နှင်း မ/၃)၏ မိသားစုက စာပေရန်ပုံငွေအဖြစ် ငွေကျပ်၅၀၀၀ကိုလှူဒါန်းရာ ဘဏ္ဍာရေးမှူးဒေါ်သင်းသင်းလှိုင် (သင်းသင်းလှိုင်-တပ်ကုန်း)က လက်ခံယူခဲ့ကြောင်း သိရသည်။ (ဝ၉၁)



ကျောက်မဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့က စက်တင်ဘာ ၁ရက်တွင် အမှတ်(၈)ရပ်ကွက်ရှိ အမက(၁၀)၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းကို လက်ထောက်အင်ဂျင်နီယာ ဦးမြင့်လွင်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

# ပေါင်သွေးကြော ပြတ်တောက်မှု ပူတာအို၌ အောင်မြင်စွာခွဲစိတ်ကုသပေးနိုင်

**ပူတာအို စက်တင်ဘာ ၁၈**

ပူတာအိုမြို့နယ် ပမ္မတီးအုပ်စုနေ မောင်ယော်လီနို (ဘ) ဦးခန့်အုံးဖုန် အသက် ၁၀နှစ် **(ယာပုံ)** သည် အမြင့်မှပြုတ်ကျပြီး ယာဘက်ပေါင်မှ သွေးကြောမကြီး စုတ်ပြဲပြတ်တောက်သွားရာ ပူတာအိုခရိုင်ဆေးရုံကြီးတွင် ဩဂုတ် ၄ ရက်က ခရိုင်ဆရာဝန်ကြီး ဒေါက်တာခင်မောင်ဌေး ဦးဆောင်မှုဖြင့် ခွဲစိတ်အထူးကုဆရာဝန် ဒေါက်တာမျိုးမြင့်စိုးက အောင်မြင်စွာ အစားထိုးခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



# ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံး ဆိုင်းဘုတ်တင်ပွဲ ခင်ဦးမြို့နယ်၌ ကျင်းပ

**ခင်ဦး စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့ မြကန်သာရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံး ဆိုင်းဘုတ်တင်ပွဲကို စက်တင်ဘာ ၁၁ရက် နံနက် ၉နာရီက ရပ်ကွက်ရုံးရှေ့၌ ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်မောင်ရွှေ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးချစ်ငွေ၊ မြို့နယ်စာရင်းစစ်အရာရှိ ဦးဝင်းကြိုင်၊ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်မောင်နှင့် အဖွဲ့ဝင်များ၊ မဲရုံမှူး၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ခင်နှင့် မဲရုံအဖွဲ့ဝင်များ၊ ရပ်ကွက် ဥက္ကဋ္ဌ ဦးအောင်မင်းနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်ကော်မရှင်အဖွဲ့ခွဲ)**



မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ရန်ပယ်ဈေးကြီးတွင် မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကို စက်တင်ဘာ ၁၅ရက်က ဈေးများလုံခြုံမှုစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ အမှုဆောင်အရာရှိ ဦးသက်ထွန်းနှင့် ဒုတိယဦးစီးမှူး(ဈေး) ဒေါ်နီနီချိုတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြောက်ဦးမြို့ ရန်ကုန်-စစ်တွေ ကားလမ်းဘေးကပ်တုံးများပြုလုပ်ခြင်း လုပ်ငန်းကို စက်တင်ဘာ ၁၂ရက်က ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်နု ကွင်းဆင်းစစ်ဆေးရာ မြောက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဦးချစ်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဦးဇော်ဝင်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



**သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။



နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ်အတွင်း အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ငွေချည်(၆)ဝါစိုက်ခင်းကို တွေ့ရစဉ်။

## တောင်သူတို့ဝင်ငွေမြင့်မားစေမည့် ဈေးကွက်ခိုင်မာသော ငွေချည်(၆)ဝါ

➢ သတင်းဆောင်းပါး – ကိုကိုအောင် (စက်မှုအထည်) ➢ ဓာတ်ပုံ – စက်မှုအထည်

နေပြည်တော် စက်တင်ဘာ ၂၀

မြန်မာနိုင်ငံသည်သီးနှံမျိုးစုံ စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် ရေ၊မြေ၊သဘာဝ အခြေအနေကောင်းများပြည့်စုံသည့် နိုင်ငံဖြစ်သည်။ နိုင်ငံတော် အစိုးရသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးမြေများ ရှာဖွေဖော်ထုတ်၍ စိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ရေး အားပေးဆောင်ရွက်လျက်ရှိသည်။ တစ်ဧက သီးနှံအထွက်နှုန်းကောင်းရေးအတွက် စိုက်ပျိုးနည်းပညာနှင့် မျိုးကောင်းမျိုးသန့် ဖြန့်ဝေပေးခြင်းနှင့် ဓာတ်မြေဩဇာပိုးသတ်ဆေးများ ရရှိရေးအတွက် ပံ့ပိုးပေးလျက်ရှိသည်။ *စာမျက်နှာ ၁၀ ကော်လံ ၁* ❖

## အရှေ့တောင်အာရှ တံခွန်စိုက် မြားပစ်ပြိုင်ပွဲ မြန်မာအသင်း ရွှေသုံးခု၊ ငွေသုံးခုနှင့် ကြေးသုံးခု ထပ်မံဆွတ်ခူး

ရန်ကုန် စက်တင်ဘာ ၂၀

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် (၄)ကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက် မြားပစ်ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ယနေ့နံနက် ၈နာရီခွဲမှစ၍ ကျိုက္ကဆံအမှတ် (၅)ဂိတ်ရှိ မြားပစ်အဖွဲ့ချုပ် လေ့ကျင့်ရေးကွင်းတွင် ကျင်းပရာ မြန်မာမြားပစ်အဖွဲ့က ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် သုံးခုနှင့် ကြေးတံဆိပ် သုံးခု ထပ်မံဆွတ်ခူးရရှိသွားသည်။

ရှုံးထွက်ပြိုင်ပွဲ

Compound အမျိုးသား မီတာ(၇၀) တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲတွင် ရဲမင်းဆွေ(မြန်မာ)က ပထမ၊ အောင်ခြိမ့်ဘော်(မြန်မာ)က ဒုတိယ၊ ချစ်ဝင်းရှိန်(မြန်မာ)က တတိယ၊ အမျိုးသမီး မီတာ(၇၀)တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲတွင် အောင်ငိုမ်း(မြန်မာ)က ပထမ၊ လှလှစံ(မြန်မာ)က ဒုတိယ၊ ယောစိမ်းယ(မြန်မာ)က တတိယတို့ ရရှိကြသည်။ *စာမျက်နှာ ၁၁ ကော်လံ ၂* ●

## ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေတက်ဖွယ်

နေပြည်တော် စက်တင်ဘာ ၂၀

စက်တင်ဘာ ၂၄ရက်မှ စက်တင်ဘာ ၂၇ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၁ပေခန့်မှ ၂၀ ဒသမ ၂ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ ယခင် ၂၀၀၈-၂၀၀၉ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၁ ဒသမ ၉ပေခန့်အထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတိပေးအကြောင်းကြားထားသည်။

(သတင်းစဉ်)

21-9 (20).pmd 1 9/21/2010, 1:32 AM